ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 August 2025 ၁၁၉၂

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ လူရည်ချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

## လူ့စွမ်းအားအရင်းအမြစ်ကောင်းများရရှိရန်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေ

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆု ရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် သင်္ချာစွမ်းရည်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။


## ယနေ့ ဖတ်စရာ



ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ စာမျက်နှာ » ၈

၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက် စာမျက်နှာ » ၁၃

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ စာမျက်နှာ » ၁၄

ကြေးမုံ

# ဆီထွက်သီးနှံရည်မှန်းချက်ပြည့်မီရေးကြိုးပမ်း လူမှုစီးပွားတိုးတက်မြင့်မားရေးမြှင့်တင်

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပန်းတိုင်အထွက်တိုးရေးနှင့် သီးထပ်များစိုက်ပျိုးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိမိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းရန်နှင့် နွေစပါးကို ရေရရှိမှုအပေါ်မူတည်ပြီး တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်ကုန်းနေရာများတွင် နှစ်ရှည်သစ်ပင်များစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်းတို့ကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စက်မှုကဏ္ဍ (Agro-based Industry) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး”ဟူသောအချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ထားခြင်းသည် နိုင်ငံတော်၏စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။ ထို့ကြောင့် “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ရည်မှန်းချက်ဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးသည် အရေးကြီးသည့်အတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာများကို အထူးဇုန်များသတ်မှတ်၍ စိုက်ပျိုးလျက်ရှိသော်လည်း ရည်မှန်းချက်အထွက်နှုန်း မပြည့်မီသည်ကိုတွေ့ရသည်။ နေကြာတိုးချဲ့စိုက်ပျိုးရေးကို ၂၀၂၂ ခုနှစ်မှစတင်၍ လမ်းညွှန်မှာကြားထားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရလဒ်ကောင်းများမထွက်သေးသဖြင့် နိုင်ငံတော်က မကြာခဏတွန်းအားပေးလျက်ရှိသည်။ နေကြာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားခြင်း၊ စိုက်ပျိုးချိန်ကာလတိုတောင်းခြင်း၊ စိုက်ပျိုးရလွယ်ခြင်းတို့ကြောင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နေကြာသီးနှံသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည်။ နေကြာဆီ ဖူလုံပိုလျှံထွက်ရှိခြင်းဖြင့် နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်ကို လျော့နည်းစေပြီး ပြည်ပမှ တင်သွင်းမှုလျှော့ချနိုင်သောကြောင့် နိုင်ငံခြားငွေသုံးစွဲမှုသက်သာစေသဖြင့် နေကြာတိုးချဲ့စိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်ကြရမည်။ နိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် လူတစ်ဦး တစ်နှစ်ခြောက်ပိဿာနှုန်းဖြင့် တွက်ချက်ပါက တစ်နှစ်လျှင် ဆီတန်ချိန် ငါးသိန်း လိုအပ်မည်ဖြစ်သည်။ လက်ရှိတွင် နှစ်စဉ် ပြည်ပမှ စားအုန်းဆီ အမေရိကန်ဒေါ်လာသန်း ၅၀၀ ဖိုးခန့် တင်သွင်းနေရသည့်အတွက် ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ရန် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း အထွက်တိုးအောင် စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်သည်။

စားသုံးဆီအတွက် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန်လိုအပ်သည်။ အကြောင်းမှာ နေကြာဆီသည် အရည်အသွေးကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်သည်။ ဈေးကွက်ဝင်သီးနှံဖြစ်သဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ပါက တောင်သူများ ဝင်ငွေတိုးတက်စေပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်။ စပါးနှင့် ပဲကိုသာ အထူးပြုစိုက်ပျိုးသော သီးနှံပုံစံမှ နေကြာကို အထူးသီးနှံတစ်မျိုးအဖြစ် ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူများ၏ စိုက်ခင်းတွင် သီးနှံစုံလင်အောင် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ နေကြာကို သီးလှည့်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအာဟာရကိုလည်း ထိန်းသိမ်းပေးနိုင် သည်။ နေကြာစိုက်ခင်းများတွင် ပျားမွေးမြူရေး တွဲဖက်ဆောင်ရွက်နိုင်သဖြင့် စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည်။

လက်ရှိတွင် ပြည်တွင်း၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်သော်လည်း ရည်မှန်းချက်မပြည့်မီနိုင်သည့်အချက်များကို ရှာဖွေစူးစမ်းလေ့လာကာ ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးဆောင်ရွက်ရာတွင် မြေပဲဆီသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများ လက်လှမ်းမီသည့်ဈေးနှုန်းဖြစ်စေရန် ပြည်တွင်းဆီစက်များ ဆက်လက်ရှင်သန်နိုင်ရေး၊ ဆီထွက်သီးနှံကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာစေရေးအတွက် ဆီထွက်သီးနှံမျိုးစုံ တိုးချဲ့စိုက်ပျိုးရေးကို နိုင်ငံတော်၏ မူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ စိုက်ဧကတိုးတက်ရေးနှင့် သီးထပ်စွမ်းအား တိုးတက်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆီထွက်သီးနှံများ တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်၏ ရည်မှန်းချက်ကို ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းအားဖြင့် ဒေသလိုက် လူမှုစီးပွားမြင့်မားတိုးတက်ပြီး ပြည်ပမှ နှစ်စဉ် စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ပါကြောင်း။ ။

## သထုံမြို့နယ်၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပ

သထုံ ဩဂုတ် ၂၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဒစ်ဂျစ်တယ်အသိပညာ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသားဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်က အမှာစကားပြောကြားသည်။

သင်တန်းတွင် သထုံမြို့နယ်အတွင်းရှိအသေးစား၊ အငယ်စားလုပ်ငန်းရှင် ၂၀ တို့တက်ရောက်ကြပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနက အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းများ၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းအကြောင်း သိကောင်းစရာများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ Digital Literacy and Digital Transformation in MSMEs များအကြောင်းနှင့် SSID မှရေးဆွဲထားသည့် e-Commerce Website ဝင်ရောက်ပုံနှင့် အသုံးပြုနည်းများအကြောင်း သိကောင်းစရာတို့ကို ဆွေးနွေးသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကြို့ပင်ကောက်မြို့၌ မိုးစပါးစိုက်ခင်းများ စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ ကျင်းပ

ကြို့ပင်ကောက် ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အောင်ပင်သာကျေးရွာအုပ်စု ကျွဲဘိကျေးရွာမှ တောင်သူ ဦးထွန်းမြင့်၏ အောင်နိုင်တိုးမိုးစပါးလယ် ၁၀ ဧကတွင် စုပေါင်းမြေဩဇာကြဲပက်ပွဲကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ ဓာတ်မြေဩဇာကြဲပက်ပွဲတွင် ယူရီးယားဓာတ်မြေဩဇာ တစ်ဆ၊ သဘာဝမြေဩဇာသုံးဆ ရောစပ်၍ကြဲပက်ခဲ့ကြောင်း၊ အဆိုပါပေါင်းစပ်အသုံးပြုခြင်းအားဖြင့် မြေဩဇာလေလွင့်ဆုံးရှုံးမှုသက်သာစေပြီး အပင်မှကောင်းမွန်စွာ စားသုံးနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာပြီး စပါးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ဌေးထံမှ သိရသည်။

အဆိုပါဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် မြို့နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၂၆ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၂၀၀ | ၆၆၆ | ၄,၇၂၈,၉၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၃,၅၂၁ | ၁၁,၀၉၁,၁၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၅၁ | ၃၇၇,၄၀၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၁၈၄ | ၃၅၉,၀၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၅၀၁ | ၁,၃၀၂,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၈၀၀ | ၁,၇၀၃ | ၃,၀၁၅,၁၀၀ |
| AMATA | ၃,၄၀၀ | ၃,၄၅၀ | ၁၈ | ၆၁,၉၅၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၅၁ | ၁၆၈,၃၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်အောင်ပြေဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှု တာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စားကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ ကြေညာပြီးချိန်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများ၊ စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ နှစ်စဉ်ဂုဏ်ပြုခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအခမ်းအနားအပါအဝင် (၁၄) ကြိမ်ရှိပြီဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း/စစ်သည် အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများထဲမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာ ဂုဏ်ထူးရှင် ၄၆ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၈၈ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရစစ်သည် တစ်ဦး၊ အောင်ချက် အကောင်းဆုံး တပ်မတော် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းနှင့် အောင်ချက် အကောင်းဆုံး တပ်မတော် ပညာရေးကျောင်း သုံးကျောင်းတို့ကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လူရည်ချွန်ဆုရရှိသူ ၄၃ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူ နှစ်ဦး၊ သင်္ချာစွမ်းရည်ဆုရရှိသူ တစ်ဦးတို့ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အလိုက် ပြုလုပ်သည့် ဆုချီးမြှင့်ခြင်း အခမ်းအနားများတွင် သုံးဘာသာ ဂုဏ်ထူးရှင် ၂၄၈ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၃၈ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၉၇ ဦးနှင့် တက္ကသိုလ်ပညာသင်ဆု ရရှိသူ ၇၈ ဦးတို့ကိုလည်း ဆုချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း။

ကျောင်းနေစဉ်ကာလတွင် မိမိတို့ ကျေပွန်အောင်ထမ်းဆောင်ရမည့် ပညာရေးတာဝန်ကို ထူးချွန်စွာ ကျေပွန်အောင် ကြိုးစားခဲ့သည့်အတွက် လူရည်ချွန်ဆု ရရှိသူများအတွက် တစ်ဦးလျှင် ရွှေသုံးမတ်သား၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူး သုံးဘာသာနှင့် အထက်ရရှိသူများကို တစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ ဂုဏ်ထူးတစ်ဘာသာနှင့် အထက် ရရှိသည့် စစ်သည်များကို တစ်ဘာသာလျှင် ရွှေတစ်မတ်သား၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ဆုရရှိသူများကို ပထမဆု ရွှေသုံးမတ်သား၊ ဒုတိယဆု ရွှေငါးမူးသား၊ တတိယဆု ရွှေတစ်မတ်သား နှုန်းစီဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်း ဆိုသည့် မင်္ဂလာတရားတော်နှင့် အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပြသပေးခဲ့ကြသည့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအားလုံးနှင့် တပ်မတော် ပညာရေး တာဝန်ခံတာဝန်ရှိသူများ အားလုံးကိုလည်း အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းနှင့် အောင်ချက်များ ကောင်းမွန်အောင် စွမ်းဆောင်ခဲ့ကြသည့် သက်ဆိုင်ရာ ကျောင်းအသီးသီးမှ တာဝန်ရှိသူများကိုလည်း ယနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ အနေဖြင့် အခြေခံပညာအဆင့်ကို တတ်မြောက်အောင်မြင်ပြီးသည့်နောက် မကြာမီတွင် တက္ကသိုလ်အသီးသီးကိုဆက်လက်တက်ရောက်ကာ အဆင့်မြင့်ပညာရပ်များ ဆည်းပူးကြရဦးမည်ဖြစ်ကြောင်း၊ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ရှာဖွေနေခြင်းပင်ဖြစ်ကြောင်း၊ ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ခြင်းကြောင့် ရှိထားပြီးသား အလေ့အကျင့်ကောင်းနှင့်ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရန် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။ **“ပညာရဲရင့် ပွဲလယ်တင့်”**၊ **“ပညာရွှေအိုး၊ လူမခိုး”** ဆိုသည့် အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး **“ငယ်စဉ်အခါ ပညာရှာ”**ဆိုသည့် စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်ကြောင်း၊ **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရှာဖွေသည့်အခါတွင် အခြေခံစိတ်ဓာတ် ကောင်းမွန်မှုနှင့်အတူ စည်းကမ်းလိုက်နာကြရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံတော်စဉ်ဆက်မပြတ်တိုးတက်စေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **“အမျိုးသားပညာရေးကဏ္ဍ”** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပံ့ပိုးပေးနေသကဲ့သို့ မိမိတို့တပ်မတော်အနေဖြင့်လည်း တပ်မတော်ထဲဝင်ရောက် အမှုထမ်းခဲ့ကြသည့် စစ်သည်များထဲမှ ပညာရေးတစ်ပိုင်းတစ်စဖြင့် ဝင်ရောက်လာသူများရှိသည့် အတွက်ကြောင့် အဆိုပါ စစ်သည်များ၏ ဘဝတိုးတက်မှုနှင့် တပ်မတော်စွမ်းရည်မြင့်မားစေရန် တပ်မတော် ပညာရေး သင်တန်းကျောင်းများတွင် အတန်းလိုက် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် စစ်သည်တော်ကောင်းများ ပေါ်ထွက်လာအောင် ပညာရေးကို အားပေးလျက်ရှိသကဲ့သို့ ယနေ့အချိန်တွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများရရှိရန်အတွက် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထား ဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါနိုင်ငံသူ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေး ပြည့်ဝသည့် လူငယ်များ၏ အားအများကြီးလိုအပ်ကြောင်း၊ **“ပညာ”** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် **“အသိဉာဏ်”** ပင်ဖြစ်ကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်အတွက် သာလျှင် အရေးပါခြင်း မဟုတ်ဘဲ လူ့ပတ်ဝန်းကျင် တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဒီမိုကရေစီ နိုင်ငံတစ်ခု တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီ သဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှု အရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များ ရှိကြရန်လိုကြောင်း၊

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မသင်းသဒ္ဒါဆွေအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

- ❖ **ပညာရေးသည် တစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင် တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်**
- ❖ **ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်သည့်နေရာတွင် ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှု အရည်အသွေးမြင့်မားရန်လို**
- ❖ **ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန်လို**
- ❖ **အခြေခံပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များသည် ဒီမိုကရေစီ ကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်**
- ❖ **လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ ဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလို**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောင်းအုပ်ချုပ်မှုတာဝန်ခံတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သချ်ာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲတွင် တတိယဆုရ မောင်ဥက္ကာအောင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

အခြေခံ ပညာသင်ကျောင်းများတွင် သင်ပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များသည် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ ဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း အသိပေးပြောကြားလိုကြောင်း။

ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပညာရေးကဏ္ဍအပါအဝင် အခြားလူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စိန်ခေါ်မှုများ ရှိခဲ့သော်လည်း မိဘ၊ ဆရာ၊ ကျောင်းသားနှင့် အစိုးရ၊ ပြည်သူအားလုံးလက်တွဲညီညီ ဆောင်ရွက်ခဲ့မှုများကြောင့် အချိန်တိုအတွင်းမှာပင် အဆိုးရွားဆုံး အခြေအနေများကနေ ပြန်လည်ရုန်းထွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍတွင် နောက်ကျမှုမရှိရလေအောင် အချိန်နှင့်တစ်ပြေးညီ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မမေ့နိုင်ဖွယ် မှတ်တမ်းတစ်ခုပင် ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကို အရှုံးမပေးဘဲ မလျှော့သော ဇွဲလုံ့လတို့နှင့် ကြိုးစား အားထုတ်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဘာသာရပ်ဆိုင်ရာ အနီးကပ် သင်တန်းများကို အားသွန်ခွန်စိုက် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများနှင့်သက်ဆိုင်ရာကျောင်း အသီးသီးက လေ့ကျင့်သင်ကြားရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ ဆရာမများ စသည့် ပညာရေး တာဝန်ခံအားလုံးကို အသိအမှတ်ပြုပါကြောင်းကို လေးလေးနက်နက် ပြောကြားလိုကြောင်း။

တက္ကသိုလ်ဝင် စာမေးပွဲကြီးကို ထူးထူးချွန်ချွန်နှင့် ပြီးမြောက် အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ထိုသို့ အောင်မြင်မှုကို ရရှိရန် မလွယ်ကူသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆက်လက်ပြီး မိမိတို့ ဝါသနာပါရာ တက်ရောက်ခွင့်ရှိသည့် တက္ကသိုလ်များတွင် အဆင့်မြင့်ပညာရပ်များကို သင်ယူကြရဦးမည်ဖြစ်ကြောင်း၊ သိပ္ပံဘာသာရပ်ဖြစ်စေ၊ ဝိဇ္ဇာဘာသာရပ်ဖြစ်စေ အားလုံးသည် အဖိုးတန် ပညာရပ်များပင်ဖြစ်သည်ကို သိရှိနားလည်ပြီး မည်သည့်ပညာရပ်မျိုးကိုမဆို တိုင်းပြည်တည်ဆောက်ရေးအတွက် အသုံးဝင်လျက်ရှိသည်ကို အားလုံးသိထားကြရန်လိုကြောင်း၊ ယနေ့ကမ္ဘာကြီးသည် နည်းပညာ ဆန်းများကြောင့် အချိန်နှင့်အမျှ ပြောင်းလဲနေကြောင်း၊ ထိုသို့ ပြောင်းလဲမှုနှင့်အတူ မိမိတို့က လိုက်ပါနိုင်စွမ်းရှိအောင် ကြိုးစားနေကြရန်နှင့် ထိုသို့ပြောင်းလဲမှုနှင့်အတူ ကြိုးစားသည့်အခါတွင် သတင်းမီဒီယာ ခေတ်နှင့်အညီ မျက်ခြည်မပြတ် လိုက်ပါနေရန် လိုအပ်သကဲ့သို့ ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့စရိုက် အစဉ်အလာကောင်းများ တိမ်မြုပ်မသွားအောင်လည်း ဆင်ခြင် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ သတင်းတု၊ သတင်းမှားများသည် လူတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို သိမ်းသွင်းဖြားယောင်းလျက်ရှိကြောင်း၊ ထိုအပေါ်တွင် မှန်ကန်သည့် သတိ၊ အသိ၊ ပညာတို့နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်း ရှိကြရန်လိုကြောင်း။

ထိုသို့ ဆင်ခြင်သုံးသပ်နိုင်ရန်အတွက် မိဘဆရာသမားတို့၏ အဆုံးအမများကို နာခံခြင်းအပြင် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းကလည်း အကျိုးရှိသည့် လုပ်ရပ်တစ်ခုပင် ဖြစ်ကြောင်း၊ ကျောင်းစာများအပြင် မိမိတို့အတွက် သုတ၊ ရသ ပြည့်ဝစေမည့် စာပေများကို ဖတ်ရှုရင်း ဘဝတိုးတက်မှုကို ရှာဖွေကြရန်၊ လူ့ဘဝရောက်လာသည့် အခိုက်တွင် ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံအကျိုးနှင့် လူ့လောကကို သာယာစေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့မှသာ လူပီသမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်အတွက် နိုင်ငံသားကောင်းတစ်ဦး ပီသအောင် နေထိုင်ကျင့်ကြံခြင်းသည်လည်း အဖိုးတန် လူသားကောင်းတစ်ဦးအဖြစ် ဂုဏ်ဝင့်ထည်စေမည်ဖြစ်ကြောင်း၊ လူငယ်များပီပီ လေ့လာ စူးစမ်းမှုပြုခြင်းသည် ကောင်းသော်လည်း မကောင်းသည့်အပြုအမူများအပေါ် မစူးစမ်းခြင်းသည် မိမိအတွက်သာမက မိသားစုနှင့် နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများမှ ကာကွယ်တားဆီးပေးမည် ဖြစ်ကြောင်း၊ စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ခြင်းကြောင့် ယနေ့အချိန်ထိ ပိုင်ဆိုင်ထားပြီးသား အလေ့အကျင့်ကောင်းနှင့် စည်းကမ်းလိုက်နာမှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့သားကောင်းများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်အဆင့်ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မိမိတို့နိုင်ငံ၏ ကောင်းမွန်သည့် သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှု၊ ဇာတိသွေး ဇာတိမာန်ထက်သန်မှု၊ နိုင်ငံချစ်စိတ်၊ ဓလေ့ထုံးစံများကို ကျောင်းနေစဉ်အရွယ်မှာကတည်းက သိနားလည်အောင် တာဝန်ရှိ ဆရာ ဆရာမများက သင်ကြားပျိုးထောင်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဘာသာရပ် တစ်ခုစီတိုင်းတွင် လေးနက်သည့် အဓိပ္ပာယ်များ ဖော်ဆောင်နေလျက် ရှိကြောင်း၊ မိမိတို့ သင်ယူခဲ့သည့် ပညာရပ်များ အပေါ် ပိုင်းခြားစိတ်ဖြာနားလည်မှု ရှိပြီး နောက်ထပ်တွေ့ဆုံရမည့် မျိုးဆက်သစ်များကိုပါ မှန်ကန်သည့် လမ်းညွှန်မှုပြသပေးနိုင်ကြရန်လိုကြောင်း။

ထို့ပြင်ကျောင်းသားကျောင်းသူများအနေဖြင့် "တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ"ဆိုသည့် အတိုင်း တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူခဲ့ကြသည့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများဖြစ်ကြသကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် စစ်သည်များသည်လည်း စစ်မှုထမ်းဆဲ တပ်မတော်သားများ ဖြစ်ကြသည့်အတွက် တပ်မတော်၏ ထီးအရိပ်အောက်တွင် နေထိုင်ကြီးပြင်းလျက် ပညာများ ရှာဖွေဆည်းပူးရာမှ ယခုကဲ့သို့ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ ဖြစ်လာခဲ့ကြခြင်းဖြစ်၍ မိမိတို့၏ ရှေ့ဘဝခရီးလမ်းတစ်လျှောက် တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြဘဲ ကျရာအခန်းကဏ္ဍများတွင် သစ္စာရှိမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုများနှင့် ကျေးဇူးတရားတုံ့ပြန်နိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

မကြာမီကာလအတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပတော့မည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များကိုလည်း နိုင်ငံတော်ကနေ အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေကြောင်း၊ ပြည်သူများ မျှော်လင့်နေကြသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဆီ ရောက်ရှိရန်အတွက် ရွေးကောက်ပွဲသည် အရေးကြီးသည့် ပထမခြေလှမ်းတစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲကမှသာ ပြည်သူ့ဆန္ဒများကို ထုတ်ဖော်တင်ပြဆွေးနွေး တောင်းဆိုနိုင်မည့် လွှတ်တော်အသီးသီးနှင့် ပြည်သူ့ ကိုယ်စားလှယ်များ ပေါ်ပေါက်လာပြီး အစိုးရအဖွဲ့အစည်းဆိုတာလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ ကျကျ သိက္ခာရှိသော၊ လွတ်လပ်သော၊ တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်မှုလည်း သိက္ခာရှိသည့် လွှတ်တော်၊ သိက္ခာရှိသည့် ပြည်သူအများစုက ရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအစိုးရ ပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရကပင် မိမိတို့လိုရာခရီးဖြစ်သည့် ဒီမိုကရေစီ ပန်းတိုင်ဆီ အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်းကို မိမိတို့ ပြည်သူများအားလုံး၊ အဖွဲ့အစည်းများအားလုံးက သိရှိနားလည်ကြရန် အရေးကြီးကြောင်း။

ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဥပဒေနှင့်အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အမတ်များဖြစ်စေရန် တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

အသက်အပိုင်းအခြား ပြည့်မီကြမည့် ကျောင်းသား ကျောင်းသူများသည်လည်း ရွေးကောက်ပွဲ၏ အခြေအနေများ၊ အနှစ်သာရ တန်ဖိုးများကို သိရှိနားလည်ပြီး အခြားသော မိဘပြည်သူများနှင့် တန်းတူ မဲပေးနိုင်အောင်၊ မိမိတို့ ရရှိသည့်အခွင့်အရေး မဆုံးရှုံးရလေအောင် ဆန္ဒမဲပေးကြရန် လိုအပ်ကြောင်း၊ ၎င်းသည် နိုင်ငံသားတစ်ယောက်အတွက် ရရှိသည့် အဖိုးတန်အခွင့်အရေးပင် ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

အစိုးရနှင့် မိဘပြည်သူများဘက်က ရွေးကောက်ပွဲနှင့် ပတ်သက်၍ အပြုသဘောဆောင်စွာ ကြိုးပမ်းနေချိန်တွင် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး လုပ်နေသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များလည်း ရှိနေကြောင်း၊ ယင်းတို့သည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသည့် နှောင့်ယှက် ဖျက်ဆီးမှုများပင် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ဆောင်ရွက်နေချိန်တွင် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်မှန်သမျှကို ပြည်သူအားလုံးပါဝင်ပြီး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရန် လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရချိန်တွင် မှန်ကန်သည့် အသိဉာဏ်များနှင့် ဖြေရှင်းနိုင်အောင် ပညာဆိုသည့် ဝမ်းစာ ပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့်အရွယ်ကိုပင်ရောက်ရောက် ပညာဆိုသည်မှာ ဆည်းပူး၍ မကုန်ဆုံးနိုင်သည့်အတွက် စဉ်ဆက်မပြတ် လေ့လာနေကြရမည် ဖြစ်သကဲ့သို့ "အာရောဂျံ ပရမံ လာဘံ" ဆိုသည့်အတိုင်း မိမိကျန်းမာရေးကို အနေအထိုင်၊ အသွားအလာ၊ အစားအသောက်ကအစ ဂရုစိုက်ကြရန်လည်း လိုအပ်ကြောင်း၊ ရှိထားပြီးသား အလေ့အကျင့်ကောင်းများ၊ စာရိတ္တကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက် စစ်မှန်သည့် လုပ်အားများနှင့် အကျိုးပြုနိုင်သည့် မျိုးဆက်သစ်များဖြစ်အောင် ဆက်လက် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့်စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သား ဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းတို့တွင် (ပထမ၊ ဒုတိယ၊ တတိယ) ရရှိကြသူများ၊ သချာ်စွမ်းရည်ဆု (တတိယ)ရရှိသူ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ သုံးဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် အခြေခံပညာအထက်တန်း ကျောင်းများမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများ၊ လူရည်ချွန်ဆုရရှိသူ နှစ်ဦး၊ သချာ်စွမ်းရည် ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးနှင့်ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က လူရည်ချွန်ဆုရရှိသူ သုံးဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ လူရည်ချွန်ဆုရရှိသူသုံးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၏ဇနီးက လူရည်ချွန်ဆုရရှိသူ လေးဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လူရည်ချွန်ဆုရ မောင်ဟိန်းလင်းထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**❖ ကျောင်းသား ကျောင်းသူများအနေဖြင့် "တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ"ဆိုသည့်အတိုင်း တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူခဲ့ကြသည့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများ ဖြစ်ကြသကဲ့သို့ ဂုဏ်ပြုဆု ချီးမြှင့်ခံရသည့် စစ်သည်များသည်လည်း စစ်မှုထမ်းဆဲ တပ်မတော်သားများ ဖြစ်ကြသည့်အတွက် တပ်မတော်၏ ထီးအရိပ်အောက်တွင် နေထိုင်ကြီးပြင်းလျက် ပညာများ ရှာဖွေဆည်းပူးရာမှ ယခုကဲ့သို့ ထူးချွန် ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ ဖြစ်လာခဲ့ကြခြင်းဖြစ်၍ မိမိတို့၏ ရှေ့ဘဝခရီးလမ်းတစ်လျှောက် တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြဘဲ ကျရာအခန်းကဏ္ဍများတွင် သစ္စာရှိမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုများနှင့် ကျေးဇူးတရား တုံ့ပြန်နိုင်ကြရန်လည်း တိုက်တွန်းလို**

# ချုပ်ငြိမ်းခါနီးတဲ့ နောက်ဆုံးမီးတောက်လား

သိဃ်သူ

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှာ "၁၀၂၇ စစ်ဆင်ရေး"လို့ အမွှမ်းတင်နာမည်ပေးထားတဲ့ ထိုးစစ်တစ်ခုကို တိုင်းရင်းသားအမည်ခံထားတဲ့ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များဖြစ်ကြတဲ့ MNDAA၊ TNLA နဲ့ AA တို့ ပူးပေါင်းလုပ်ခဲ့ကြတာကို အားလုံးသိကြပြီးဖြစ်ပါတယ်။ အကြမ်းဖက်လော်ဘီမီဒီယာတွေက ညီနောင်သုံးဖော်၊ မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ စသည်ဖြင့် ဂုဏ်ပုဒ်အမျိုးမျိုးတပ်ပြီး အရောင်တင်ပေးထားတဲ့ အဲဒီသုံးဖွဲ့အစုအပေါင်းကို အကြမ်းဖက်မှုရှုတ်ချတဲ့ ပြည်တွင်းမီဒီယာတွေနဲ့ Social Influencer တွေကတော့ "မြောက်သုံးကောင်"လို့ပဲ ရှင်းရှင်းလင်းလင်း အမည်သညာပြုခဲ့ကြပါတယ်။ တကယ်တော့ "၁၀၂၇ စစ်ဆင်ရေး"ကို မြောက်သုံးကောင်မဟာမိတ်အဖွဲ့က လုပ်ခဲ့တယ်ဆိုရာမှာ မြေပြန့်ဒေသက ရောက်လာကြတဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့အင်အားက အစောပိုင်းကာလမှာ မြို့တွေသိမ်းနိုင်ဖို့၊ အောင်ပွဲတွေခံနိုင်ဖို့ အဓိကအထောက်အကူပြုခဲ့တာဖြစ်ပါတယ်။



TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဂုတ်ထိပ်တံတား ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ဒါကြောင့်ပဲ တအာင်းတပ်(TNLA) ဟာ ၁၀၂၇ စစ်ဆင်ရေးပထမပိုင်းမှာ ရှမ်းပြည်နယ်မြောက်ပိုင်းက မြို့ခုနစ်မြို့၊ စစ်ဆင်ရေးဒုတိယပိုင်းမှာ မန္တလေးတိုင်းဒေသကြီးထဲက မိုးကုတ်မြို့အပါအဝင် မြို့ငါးမြို့ စုစုပေါင်းမြို့ ၁၂ မြို့ကို ထိန်းချုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ မြောက်သုံးကောင်အဖွဲ့ဟာ ၁၀၂၇ စစ်ဆင်ရေးကို အကောင်အထည်ဖော်ကြရာမှာ **"မြန်မာပြည်သူတစ်ရပ်လုံး လိုလားချက်ဖြစ်သော စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ရေး"**ဆိုတဲ့ မြေပြန့်က ဗမာ PDF အကြမ်းဖက်တွေရဲ့ သည်းခြေကြိုက်စကားလုံးနဲ့မျှားခေါ်ပြီး သူတို့မှာ အရင်ကမရှိခဲ့ဖူးတဲ့ အင်အားမျိုးတည်ဆောက်နိုင်ခဲ့သလို အိမ်နီးချင်းနိုင်ငံကြီးကိုလည်း **"အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေး"** ဆိုတဲ့ ခေါင်းစဉ်နဲ့ လှည့်ဖြားခဲ့ပါတယ်။ တကယ်တော့ ကိုယ်စီအကျိုးစီးပွားတွေ တူညီမှုမရှိကြတဲ့ အဲဒီအဖွဲ့တွေရဲ့ ပေါင်းစည်းမှုဟာ လောလောဆယ်အားဖြင့် တူညီနေတဲ့ ရည်မှန်းချက်တစ်ခုမှာ ယာယီအနေနဲ့ ပေါင်းစည်းမှုသာဖြစ်ပြီး ဗမာ PDF တွေကတော့ သူတို့ဆီက လက်နက်၊ ငွေကြေး၊ စစ်ရေးအကူအညီ အထောက်အပံ့ရလိုမှုနဲ့ အောက်ခြေလူငယ်တွေရဲ့ အသက်တွေ၊ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ၊ ဘဝတွေကို ငှားရမ်း၊ ရောင်းစားခဲ့ကြတာဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

အဲဒီအချိန် မြန်မာ့တပ်မတော်ရဲ့အနေအထားကို ကြည့်ရင် နိုင်ငံတစ်ဝန်း နိုင်ငံရေးအရ အရေးပေါ်ကာလ နိုင်ငံ့တာဝန်များစွာကိုခေါင်းတစ်လုံးနဲ့အိုးဆယ်လုံးရွက်နေရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြေပြင်မှာ လုံခြုံရေး၊ စစ်ရေးတာဝန်တွေ ထမ်းဆောင်နေကြရတဲ့ အဆင့်ဆင့်သော အရာရှိတွေ၊ အကြပ်စစ်သည်တွေ၊ တပ်ရင်းတပ်ဖွဲ့တွေ၊ ဌာနချုပ်တွေမှာ အကန့်အသတ်အမျိုးမျိုးနဲ့ ရင်ဆိုင်နေခဲ့ကြရပြီး တစ်ဖက်ရန်သူက အနှစ်နှစ်အလလ ဆင်ကြံကြံပြီး ကြိုတင်ပြင်ဆင်ပြောင်းလဲလာမှုအပေါ် နည်းပညာအရ၊ အင်အားအရ အလျင်အမြန်တုံ့ပြန်နိုင်မှု အားနည်းခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် အချို့တပ်စခန်းတွေ၊ နယ်မြေတွေ၊ မြို့ရွာတွေကို ယာယီအားဖြင့် လက်လွှတ်ဆုတ်ခွာခဲ့ရပြီး ရန်သူက ဝင်ရောက်နေရာယူတာ၊ ထိန်းချုပ်တာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

ဒီနေရာမှာ ပြောချင်တာက တအာင်းတပ်လို့ဆိုတဲ့ TNLA ပါ။ သူ့ရဲ့ ပကတိအရှိအင်အားအရဆိုရင် အိပ်မက်တောင်မက်ဖို့ ခဲယဉ်းတဲ့အကျိုးအမြတ်တွေကို ၁၀၂၇ စစ်ဆင်ရေးအတွင်းမှာ TNLA တို့ ရခဲ့တာဖြစ်ပါတယ်။ ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်းမှာ TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ဟာ မန္တလေး PDF အပါအဝင် မြေပြန့်ကလာတဲ့ ဗမာ PDF အကြမ်းဖက်အဖွဲ့တွေရဲ့ အင်အားတွေနဲ့ပေါင်းပြီး မိုးကုတ်၊ ကျောက်မဲ၊ မိုးမိတ်၊ နောင်ချိုနဲ့ သီပေါတို့ကို ထိန်းချုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဟာ တရုတ် - မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အဓိက အရေးပါတဲ့ လမ်းကြောင်းကြီးဖြစ်တဲ့အပြင် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းမှုကို ဖော်ဆောင်ပေးနိုင်မယ့် **"ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (BRI)"** ဆိုင်ရာ စီမံကိန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက်လည်း အဓိကကျတဲ့ လမ်းကြောင်းကြီးဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ကနေ မန္တလေး၊ ကျောက်ဖြူနဲ့ ရန်ကုန်တို့ကို ဆက်သွယ်မယ့် စီမံကိန်းလမ်းကြောင်းကြီးဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းက နောင်ချို-ကျောက်မဲ-သီပေါ-လားရှိုး စတဲ့မြို့တွေဟာ ဒီလမ်းကြောင်းကြီးရဲ့ အစိတ်အပိုင်း တစ်ရပ်ပေါ်မှာ တည်ရှိနေကြပြီး အဲဒီမြို့တွေကို လူ့အင်အား၊ လက်နက်အင်အား စုဆောင်းပြီး တိုက်ခိုက်ထိန်းချုပ်ကြခြင်းက ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားအရပ်ရပ်ကို ထိခိုက်ဆုံးရှုံးစေသလို ဒေသတည်ငြိမ်အေးချမ်းမှုကိုလည်း ပျက်စီးစေပါတယ်။ ဒါ့အပြင် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ နှစ်နိုင်ငံအကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်မယ့် BRI စီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း နှောင့်နှေးသွားစေပါတယ်။ ဒါကြောင့် ရှမ်း(မြောက်) ပြည်ထောင်စုလမ်းမကြီးနဲ့တကွ လမ်းမကြီးတစ်လျှောက်မှာရှိတဲ့ မြို့ရွာဒေသတွေအားလုံးဟာ ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွား၊ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ နိုင်ငံသူ နိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွားအတွက် တည်ငြိမ်အေးချမ်းနေစေဖို့နဲ့ တရားဥပဒေစိုးမိုးမှုအောက်မှာ ရှိနေဖို့လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုအမည်ခံထားတဲ့ မည်သည့် သူပုန်သူကန်၊ အင်အားစု၊ အုပ်စုတွေကမှ ပြန်ပေးဆွဲသလို တိုက်ခိုက်ထိန်းချုပ်ထားလို့မရပါဘူး။

၁၀၂၇ စစ်ဆင်ရေး ဒုတိယပိုင်းမှာ TNLA က နောင်ချိုကို တစ်မြို့လုံးဆိုသလို ထိန်းချုပ်နိုင်ခဲ့တယ်ဆိုပေမယ့် နောင်ချိုရဲ့တောင်ဘက် မိုင်အနည်းငယ်အကွာမှာရှိတဲ့ တောင်ခမ်းရွာအခြေစိုက် အမှတ် (၉၀၂) အမြောက်တပ်မဌာနချုပ်နဲ့ အမတ(၃၅၄) တို့ကိုတော့ မထိန်းချုပ်နိုင်ခဲ့ပါဘူး။ ဗွဲ၊ သတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်အပြည့်နဲ့ ရက်ရှည်လများကြာတဲ့တိုင်အောင် အံ့မခန်းခုခံတွန်းလှန်ခဲ့ကြတဲ့ တောင်ခမ်းစစ်သည်သူရဲကောင်းတွေဟာ အခုအချိန်မှာ သမိုင်းမော်ကွန်း ရေးထိုးနိုင်ခဲ့ကြပါပြီ။ ပလောင်ခန်းတဲ့ တောင်ခမ်းလို့ ပြည်တွင်းမီဒီယာတွေက ဩဘာပေးခဲ့ကြသလို ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုကို လိုလားတောင့်တကြတဲ့ ပြည်တွင်းက ပြည်သူတွေ၊ ဒေသခံတိုင်းရင်းသားတွေရဲ့ တစ်ခဲနက် ထောက်ခံအားပေးမှုနဲ့အတူ မြန်မာ့တပ်မတော်ဟာ တောင်ခမ်းကနေ အောင်မြေချဲ့နိုင်ခဲ့ပါတယ်။

ထောင်ထားတဲ့ ဖဲချပ်ကလေးတွေ တစ်ခုပြီးတစ်ခု လဲကျသွားတဲ့ကစားနည်းလိုပါပဲ၊ တောင်ခမ်းကစတဲ့ TNLA ရဲ့အရှုံးဟာ တားမရ ဆီးမရ ဖြစ်လာခဲ့သလို လက်အောက်ခံအဖြစ် မွေးမြူထားခဲ့တဲ့ ဗမာ PDF၊ ဓနု PDF တွေနဲ့လည်း အိုးစားကွဲစပြုတဲ့အသံတွေ ထွက်ပေါ်လာပါတယ်။ ၁၀၂၇ အစောပိုင်း အောင်ပွဲခံနေတဲ့ကာလမှာ စစ်ဝတ်စုံ စတိုင်ကျကျနဲ့ မြို့ပြရဲ့ လူသူကင်းမဲ့တဲ့လမ်းမတွေပေါ် မှာ ရှိုးထုတ်ဓာတ်ပုံရိုက်ခံခဲ့ကြတဲ့ TNLA နဲ့ PDF ထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ပုံတွေဟာ ကြည့်လို့ကောင်းသလောက် နောင်ချိုအနီးတစ်ဝိုက်က တောထူတဲ့ လျှိုမြောင်တွေထဲမှာ **စာမျက်နှာ ၇ သို့** ❑

> ၁၀၂၇ စစ်ဆင်ရေးဒုတိယပိုင်းမှာ TNLA က နောင်ချိုကို တစ်မြို့လုံးဆိုသလို ထိန်းချုပ်နိုင်ခဲ့တယ်ဆိုပေမယ့် နောင်ချိုရဲ့တောင်ဘက် မိုင်အနည်းငယ်အကွာမှာရှိတဲ့ တောင်ခမ်းရွာအခြေစိုက် အမှတ် (၉၀၂) အမြောက်တပ်မဌာနချုပ်နဲ့ အမတ(၃၅၄) တို့ကိုတော့ မထိန်းချုပ်နိုင်ခဲ့ပါဘူး။ ဗွဲ၊ သတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်အပြည့်နဲ့ ရက်ရှည်လများကြာတဲ့တိုင်အောင် အံ့မခန်းခုခံတွန်းလှန်ခဲ့ကြတဲ့ တောင်ခမ်းစစ်သည်သူရဲကောင်းတွေဟာ အခုချိန်မှာ သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့ကြပါပြီ။ ပလောင်ခန်းတဲ့ တောင်ခမ်းလို့ ပြည်တွင်းမီဒီယာတွေက ဩဘာပေးခဲ့ကြသလို ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုကို လိုလားတောင့်တကြတဲ့ ပြည်တွင်းက ပြည်သူတွေ၊ ဒေသခံတိုင်းရင်းသားတွေရဲ့ တစ်ခဲနက် ထောက်ခံအားပေးမှုနဲ့အတူ မြန်မာ့တပ်မတော်ဟာ တောင်ခမ်းကနေ အောင်မြေချဲ့နိုင်ခဲ့

❑ စာမျက်နှာ ၆ မှ

လူမသိသူမသိ စွန့်ပစ်ခံလိုက်ရတဲ့ PDF လူငယ်တွေရဲ့ အသက်မဲ့ ခန္ဓာကိုယ်တွေအကြောင်းကိုတော့ သူတို့ဘက်ကလူတွေ ဘယ်သူကမှ ထုတ်ဖော်မပြောကြတော့ပါဘူး။ လက်ရှိအချိန်မှာတော့ တပ်မတော်က အကြမ်းဖက်သောင်းကျန်းသူ သူပုန်သူကန် နှိမ်နင်းရေးကို ပြတ်ပြတ်သားသား ဆောင်ရွက်လာချိန်ဖြစ်သလို အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ နောက်လိုက်တွေအားလုံး သွေးလေချောက်ချားချိန်၊ သွေးရူးသွေးတန်းနဲ့ ကယောင်ကတမ်းတုန်လှုပ်စွာနဲ့ နေဝင်ဆည်းဆာကို မျှော်ကြည့်နေရချိန် ရောက်လာနေပါပြီ။

TNLA အကြမ်းဖက်သောင်းကျန်းသူတို့ တစ်နှစ်ကျော်ကြာအောင် ထိန်းချုပ်ထားခဲ့တဲ့ နောင်ချိုမြို့ကို တပ်မတော်စစ်ကြောင်းတွေက ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ မွန်းတည့် ၁၂ နာရီလောက်မှာ အပြီးတိုင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ တပ်မတော်က နောင်ချိုကို ထိုးစစ်ဆင်နေတဲ့အချိန် အတွင်းမှာ TNLA က နောင်ချိုနဲ့ ကျောက်မဲကြား ဂုတ်တွင်းလမ်းပိုင်းကို ဇူလိုင်လ ၁၀ ရက် မနက်ပိုင်းမှာကတည်းက ပိတ်ထားခဲ့ပြီး ဇူလိုင်လ ၁၄ ရက်မှာ သူတို့ရဲ့ ဆုတ်ခွာထွက်ပြေးတဲ့လမ်းကြောင်းပေါ်က ဂုတ်တွင်းတံတားကို မိုင်းခွဲဖျက်ဆီးသွားခဲ့ပါတယ်။

အကြောင်းဆိုက်လာလို့ပြောရရင် TNLA နဲ့ သူ့ရဲ့နောက်လိုက် PDF အကြမ်းဖက်တွေ ဖောက်ခွဲဖျက်ဆီးလိုက်ကြတဲ့ ဂုတ်တွင်းတံတားဟာ NLD အစိုးရလက်ထက် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၅ ရက် မနက်ပိုင်းမှာ မြောက်သုံးကောင်ဖြစ်တဲ့ MNDAA ၊ TNLA နဲ့ AA ပူးပေါင်းသောင်းကျန်းအဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့လို့ ပျက်စီးသွားတဲ့တံတားကို ပြန်လည်ဆောက်ထားတဲ့ တံတားဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး ငါးရက်ကြာ အဆက်အသွယ်ပြတ်သွားခဲ့ရပြီး တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးလည်း ယာယီရပ်ဆိုင်းသွားခဲ့ရပါတယ်။ အရှည်ပေ ၂၁၀ ရှိတဲ့ ဂုတ်တွင်းတံတားကို ယာယီသုံးလွှာနှစ်ထပ်ဘေလီတံတားထိုးပြီး ဩဂုတ်လ ၂၀ ရက်ရောက်မှ ယာဉ်ငယ်တွေ ပြန်သွားနိုင်ခဲ့တာပါ။

ကိုယ်တိုင်တံတားတစ်စင်း မဆောက်ခဲ့ဖူးတဲ့ TNLA ဟာ တံတားတွေ ချိုးရတဲ့နေရာမှာတော့ ဝါသနာထုံပုံရပါတယ်။ ၁၀၂၇ စစ်ဆင်ရေး ပထမလှိုင်းဆိုတဲ့ကာလမှာလည်း မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်က သီပေါမြို့မှာရှိတဲ့ စဉ့်အင်တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ပါတယ်။ စစ်ရေးအရ တပ်ရင်းတပ်ဖွဲ့တွေ သွားလာလို့မရအောင်၊ ထောက်ပံ့ပို့ဆောင်လို့မရအောင် စသဖြင့် အကြောင်းပြခဲ့ပေမယ့် တကယ်တမ်း

TNLA အကြမ်းဖက်တို့ရဲ့ တံတားချိုးတဲ့ဝါသနာအထုံကတော့ လက်ကုန်ပါပဲလို့ ဆိုရလောက်အောင် ပြီးခဲ့တဲ့ ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းမှာ ပေါ်ထွက်လာတဲ့သတင်းကြောင့် အထိတ်တလန့်နဲ့ အံ့သြခဲ့ကြရပါတယ်။ ဟုတ်မှဟုတ်ရဲ့လား။ မိုက်မဲတယ်ဆိုရင်တောင် တကယ်ကို အဲဒီလောက် မိုက်မဲကြတာလား။ ကိုယ့်အမေအိမ်ကိုယ်ပြန်မီးနဲ့ရှို့သလိုမျိုး မိုက်မဲကြတာလား။ မြန်မာနိုင်ငံရဲ့ အထင်ကရအမှတ်အသားတစ်ခုဖြစ်တဲ့ ဂုတ်ထိပ်တံတားကြီးကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်ကြသတဲ့။ မိုက်မဲမှုအတွက် ပြောစရာစကားပင်မရှိတော့။ တံတားကြီးရဲ့ သက်တမ်းက ၁၂၅ နှစ်ရှိပြီ။ သူ့ခေတ်သူ့အခါတုန်းက ကမ္ဘာပေါ်မှာ အကြီးဆုံး၊ အရှည်ဆုံးနဲ့ အံ့သြဖွယ်အကောင်းဆုံး။ သူ့ခေတ်သူ့အခါမှာ နည်းပညာအားဖြင့် အမြင့်ဆုံး။ ၁၉ ရာစုနှောင်းပိုင်းကာလ နယ်ချဲ့ဝါဒ ယှဉ်ပြိုင်မှုရဲ့ သမိုင်းဝင်သက်သေပြယုဂ်တစ်ခု

ဒုက္ခရောက်ခဲ့တာက ပြည်သူတွေသာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအတွက် သွားရေးလာရေး အင်မတန်ခက်ခဲခဲ့ပြီး ယာယီတံတား ခနော်ခနဲ့ပေါ်ကနေ ဖြတ်သန်းသွားနိုင်ဖို့ သောင်းဂဏန်းနဲ့ချီပြီး ငွေကြေးပေးဆောင်ခဲ့ကြရတာကို အဲဒီအချိန်တုန်းက လူမှုကွန်ရက်တွေပေါ်မှာ တွေ့ခဲ့ရပါတယ်။

TNLA အကြမ်းဖက်တို့ရဲ့ တံတားချိုးတဲ့ဝါသနာအထုံကတော့ လက်ကုန်ပါပဲလို့ ဆိုရလောက်အောင် ပြီးခဲ့တဲ့ ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းမှာ ပေါ်ထွက်လာတဲ့ သတင်းကြောင့် အထိတ်တလန့်နဲ့ အံ့သြခဲ့ကြရပါတယ်။ ဟုတ်မှဟုတ်ရဲ့လား။ မိုက်မဲတယ်ဆိုရင်တောင် တကယ်ကို အဲဒီလောက် မိုက်မဲကြတာလား။ ကိုယ့်အမေအိမ်ကိုယ်ပြန်မီးနဲ့ရှို့သလိုမျိုး မိုက်မဲကြတာလား။ မြန်မာနိုင်ငံရဲ့ အထင်ကရအမှတ်အသား တစ်ခုဖြစ်တဲ့ ဂုတ်ထိပ်တံတားကြီးကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်ကြသတဲ့။ မိုက်မဲမှုအတွက် ပြောစရာ စကားပင်မရှိတော့။ တံတားကြီးရဲ့ သက်တမ်းက ၁၂၅နှစ်ရှိပြီ။ သူ့ခေတ်သူ့အခါတုန်းက ကမ္ဘာပေါ်မှာ အကြီးဆုံး၊ အရှည်ဆုံးနဲ့ အံ့သြဖွယ်အကောင်းဆုံး။ သူ့ခေတ်သူ့အခါမှာ နည်းပညာအားဖြင့် အမြင့်ဆုံး။ ၁၉ ရာစုနှောင်းပိုင်းကာလ နယ်ချဲ့ဝါဒယှဉ်ပြိုင်မှုရဲ့ သမိုင်းဝင်သက်သေပြယုဂ်တစ်ခု။

၁၉ ရာစုဟာ အရင်းရှင်နယ်ချဲ့နိုင်ငံတွေရဲ့ ယှဉ်ပြိုင်မှု အပြင်းထန်ဆုံးကာလဖြစ်ပါတယ်။ အာရှတိုက်မှာ အိန္ဒိယကို သိမ်းပိုက်လိုက်နိုင်တာကြောင့် ကမ္ဘာပေါ်မှာ အချမ်းသာဆုံး၊ အကြွယ်ဝဆုံး ဖြစ်ခဲ့တဲ့ ဗြိတိန်ဟာ နောက်တစ်ဆင့်အနေနဲ့ တရုတ်နိုင်ငံကို လှမ်းမျှော်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံအတွင်းပိုင်းက ယူနန်၊ ဆီချွမ် စတဲ့ပြည်နယ်တွေဟာ ပါးစပ်ပြောစကားတွေအရ အင်္ဂလန်က ထုတ်လုပ်လိုက်တဲ့ကုန်ပစ္စည်းတွေအတွက်ကြီးမားတဲ့ဈေးကွက်ကောင်းတွေလို့ အထင်ရှိပြီး တရုတ်နိုင်ငံကို ဝင်ရောက်နိုင်မယ့် အတိုဆုံးလမ်းကြောင်းကို ရှာဖွေခဲ့ကြတာပါ။ ဗြိတိသျှတို့နဲ့အပြိုင် ပြင်သစ်ကလည်း ကြိုးပမ်းနေတာမို့လို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အနိုင်မခံ အကျောမပေး ပြိုင်ဆိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သုံးကြိမ်စစ်ပြုပြီး သိမ်းပိုက်ရာမှာ အဓိကစေ့ဆော်မှုက မြန်မာနိုင်ငံရဲ့ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး၊ ကျောက်မျက်ရတနာဆိုတာတွေထက် တရုတ်နိုင်ငံဈေးကွက်ကို ပိုပြီး စူးစိုက်ခဲ့ကြတာဖြစ်ပါတယ်။

ဗြိတိသျှလက်အောက် မြန်မာတစ်နိုင်ငံလုံး ရောက်ပြီးတဲ့အခါ တရုတ်နိုင်ငံဈေးကွက်ဟာ သူတို့ထင်သလို မဟုတ်ဘူးဆိုတာကို နောက်ထပ်ရရှိတဲ့ အချက်အလက်တွေအရ သိလာရပြီး ဝိဝါဒတွေ ကွဲပြားနေတဲ့ကြားက မန္တလေး-လားရှိုး ရထားလမ်းကို ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ အဓိကအကြောင်းရင်းကတော့ အဲဒီအချိန်မှာ ပြင်သစ်က ဗီယက်နမ်ကနေ ယူနန်ကိုပေါက်တဲ့ ရထားလမ်းဖောက်လုပ်နေပြီဖြစ်တာကြောင့် အကျောမခံချင်တာကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မူလက မန္တလေး-လားရှိုး-ကွမ်းလုံကနေ တရုတ်နိုင်ငံအထိ ဖောက်ဖို့ရည်ရွယ်ခဲ့တဲ့ ရထားလမ်းကို ကိုလိုနီယန္တရားရဲ့ အုပ်ချုပ်ရေး၊ ကုန်သွယ်ရေး၊ စစ်ရေးတို့မှာ အသုံးပြုဖို့ ရည်ရွယ်ချက်တွေနဲ့ လားရှိုးအထိပဲ ဖောက်လုပ်ခဲ့ပြီး ကျန်တဲ့အပိုင်းတွေကို တိုင်းတာရေးလုပ်ငန်းတွေပဲ လုပ်ခဲ့တယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ လျှိုမြောင်စိမ့်စမ်း ချောက်ကမ်းပါးတွေကို ဖြတ်သန်းဖောက်ထွင်းပြီး ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြရတဲ့ မန္တလေး-လားရှိုး ရထားလမ်းဟာ ကိုလိုနီခေတ်ရဲ့ အမွေအနှစ်တစ်ခုအဖြစ် ကျန်ရစ်ခဲ့သလို အဲဒီလမ်းပေါ်က ဂုတ်ထိပ်တံတားကြီးဟာလည်း ကိုလိုနီခေတ်သမိုင်းကို တခမ်းတနားပြောပြနေဆဲပါ။ လက်ရှိကာလမှာ ကားလမ်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာပြီး မော်တော်ယာဉ်တွေကို ပိုမိုသုံးစွဲလာတာကြောင့် ရထားစီးခရီးသည်တွေ နည်းပါးလာခဲ့ပေမယ့် ရထားခေတ်ကုန်သွားတာ မဟုတ်ပါဘူး။ အထူးသဖြင့် နောင်ချို-ကျောက်မဲ-သီပေါဒေသတွေက သဘာဝအလှအပတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ဂုတ်ထိပ်တံတားကြီးလို အထင်ကရ အထိမ်းအမှတ်နေရာတွေရှိနေတာကြောင့် တည်ငြိမ်အေးချမ်းတဲ့ကာလတွေတုန်းက ပြည်တွင်း၊ ပြည်ပခရီးသွားတွေကို ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းခဲ့ကြတာတွေ အများအပြားရှိနေပါတယ်။ ခုချိန်ထိ ရင်သပ် ရှုမောဖွယ်ကောင်းလောက်အောင် လှပနေတဲ့ ဂုတ်ထိပ်မှာ TNLA နဲ့ PDF တို့ မြောက်ဘက်ထိပ်နဲ့ တောင်ဘက်ထိပ်တို့ကို ထိန်းချုပ်နေရာယူပြီး ဂုတ်ထိပ်နောက်ခံနဲ့ အလှဓာတ်ပုံတွေ ရိုက်ခဲ့ကြသေးတာ၊ ဘာပဲဖြစ်ဖြစ် ဂုတ်ထိပ်ကို တန်ဖိုးထားခဲ့ကြဖို့ ကောင်းပါတယ်။

ခုတော့ ကျော်မကောင်း၊ ကြားမကောင်းလို့ ဆိုရလောက်အောင် TNLA အကြမ်းဖက်လူဆိုးလူမိုက်တို့က ဂုတ်ထိပ်ကို ဖျက်ဆီးလိုက်ကြပြီ။ နိုင်ငံပိုင်သတင်းစာမှာပါတဲ့သတင်းအရ "TNLA လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ယနေ့ (ဩဂုတ် ၂၄ ရက်) နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ် (P-16) နှင့် ကမ်းကပ်ခုံ (AB-2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ (AB-2) တို့ ပျက်စီးခဲ့ရသည်။"လို့ သိရပါတယ်။ တံတားဖျက်ဆီးခြင်းနဲ့ ပတ်သက်လို့ TNLA တို့မှာ ဆင်ခြေပေးစရာ အကြောင်း သိပ်မရှိ။ ယခုလက်ရှိမှာ တပ်မတော်ရဲ့ ထိုးစစ်က နောင်ချိုကို ကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။

နောင်ချိုဟာ ပြာပုံထဲက ဖီးနစ်ငှက်လို လူးလွန့်နိုးထလာနေပါပြီ။ နောင်ချိုနဲ့ ဝန်းကျင်ကျေးရွာတွေဆီက စာသင်ကျောင်းတွေမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတို့ တလူလူလွှင့်ထူခဲ့ပြီ။ ဤနိုင်ငံ ဤရေ ဤမြေသည် ပြည်ထောင်စုဖွား နိုင်ငံသူနိုင်ငံသားအားလုံး၏ ရေမြေဖြစ်သည်လို့ ပြဆိုနေခဲ့ပါပြီ။ ကျောင်းသူ ကျောင်းသား ကလေးငယ်တွေရဲ့ စာအံသံတွေလည်း နောင်ချိုဒေသရဲ့ လေထုထဲမှာ လွင့်ပျံ့နေခဲ့ပြီဖြစ်ပါတယ်။ နောင်ချိုသူ နောင်ချိုသား ဒေသခံပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစစအရာရာတို့ ပုံမှန်အတိုင်း လည်ပတ်လာနိုင်စေဖို့ တစ်နေ့ပြီး တစ်နေ့ လုံးပန်းနေကြပြီလည်း ဖြစ်ပါတယ်။

TNLAနဲ့အပေါင်းအပါအကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ စစ်ရေးအရလို့ပဲဆိုဆို ဘယ်လိုအကြောင်းပြချက်တွေပဲပေးပေး ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတား ဘယ်လိုပဲဖျက်ဆီးသည်ဖြစ်စေ၊ တားဆီးသည်ဖြစ်စေ နေဝင်ချိန်ဟာ နီးသည်ထက်နီးလာခဲ့ပြီဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားကို ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်နည်းပါးစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းက ငြိမ်သက်နှုတ်ဆိတ်နေတတ်တဲ့ အများစုသော ပြည်သူလူထုကြီးကိုပါ လှုပ်နှိုးလိုက်သလိုပါပဲ။ ပြည်သူလူထုကြီးရဲ့ ကန့်ကွက်ရှုတ်ချသံတွေ ထွက်ပေါ်လာစေပါတယ်။ ဒီလိုမိုက်မဲတဲ့လုပ်ရပ်ကို ရမ်းရမ်းကားကားလုပ်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့အစည်းကိုလည်း ပြတ်ပြတ်သားသား၊ ပြင်းပြင်းထန်ထန် တုံ့ပြန်ဆောင်ရွက်ဖို့လည်း တောင်းဆိုနေကြပါတယ်။

**ဒီထက်မကဆိုရရင် ပြီးခဲ့တဲ့နှစ်များအတွင်း တိုင်းရင်းသားအမည်ခံထားတဲ့ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ သူတို့ရဲ့သရုပ်သကန် အစစ်အမှန်ကို ထုတ်ဖော်ပြသလာကြပါတယ်။ သူတို့ရဲ့ ရိုင်းစိုင်းမှု၊ ရက်စက်မှု၊ ယုတ်မာမှု၊ ကြမ်းတမ်းမှုတွေဟာ မဖုံးနိုင် မဖိနိုင်အောင် ထွက်ပေါ်လာကြပြီး သူတို့အဖွဲ့တွေကြားက သပွတ်အူ အရှုပ်အထွေးတွေ၊ လူမဆန်တဲ့လုပ်ရပ်တွေ စတာတွေကို သူတို့အဖွဲ့ဝင်တွေကိုယ်တိုင်ထုတ်ဖော် ပြောကြားလာကြတာတွေကိုလည်း မကြားချင်၊ မမြင်ချင်တစ်ဆုံး ကြားကြရ၊ မြင်ကြရပါတယ်။ ဒါတွေဟာ ပျက်စီးခြင်းရဲ့ အဖွင့်နိဒါန်းတွေလို့ ဆိုနိုင်ပါတယ်။**

အခုလည်း TNLA ရဲ့ မဆင်မခြင်လုပ်ရပ်က ချုပ်ငြိမ်းခါနီးမီးတောက်ကလေး နောက်ဆုံးတောက်လိုက်ခြင်းလားလို့ စဉ်းစားဆင်ခြင်စရာပါ။ ။

ဒီထက်မကဆိုရရင် ပြီးခဲ့တဲ့နှစ်များအတွင်း တိုင်းရင်းသားအမည်ခံထားတဲ့ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ သူတို့ရဲ့သရုပ်သကန် အစစ်အမှန်ကို ထုတ်ဖော်ပြသလာကြပါတယ်။ သူတို့ရဲ့ ရိုင်းစိုင်းမှု၊ ရက်စက်မှု၊ ယုတ်မာမှု၊ ကြမ်းတမ်းမှုတွေဟာ မဖုံးနိုင် မဖိနိုင်အောင် ထွက်ပေါ်လာကြပြီး သူတို့အဖွဲ့တွေကြားက သပွတ်အူ အရှုပ်အထွေးတွေ၊ လူမဆန်တဲ့လုပ်ရပ်တွေ စတာတွေကို သူတို့အဖွဲ့ဝင်တွေ ကိုယ်တိုင် ထုတ်ဖော်ပြောကြားလာကြတာတွေကိုလည်း မကြားချင်၊ မမြင်ချင် တစ်ဆုံး ကြားကြရ၊ မြင်ကြရပါတယ်။ ဒါတွေဟာ ပျက်စီးခြင်းရဲ့ အဖွင့် နိဒါန်းတွေလို့ ဆိုနိုင်ပါတယ်။

အခုလည်း TNLA ရဲ့ မဆင်မခြင်လုပ်ရပ်က ချုပ်ငြိမ်းခါနီး မီးတောက်ကလေး နောက်ဆုံးတောက်လိုက်ခြင်းလားလို့ စဉ်းစားဆင်ခြင်စရာပါ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသောနိုင်ငံရေးပါတီများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခဲ့သည့် နိုင်ငံရေးပါတီများအနက် နိုင်ငံရေးပါတီ ၆၁ ပါတီကို မှတ်ပုံတင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စု တစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခု အတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၂ ပါတီ ဖြစ်ပါကြောင်း၊ ဥပဒေနှင့် အညီ လျှောက်ထားသော နိုင်ငံရေး ပါတီအားလုံး စိစစ်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

နိုင်ငံရေး ပါတီများအနေဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ပညာအရည်အချင်း သတ်မှတ်ချက်ဖြစ်သည့် အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်သူများ ဖြစ်ရမည့်အချက်ကို သတိမူကြစေလိုကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများသည် အစိုးရအသိအမှတ်ပြု တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့ရသူများ ဖြစ်ရမည်ဖြစ်၍ နိုင်ငံရေး ပါတီများအနေဖြင့် ယခုကပင်စ၍ စီစဉ်ထားရန် ဖြစ်ကြောင်း၊ ပြည်သူအားကိုးရပြီး နိုင်ငံကိုအကျိုးပြုမည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်သွင်းကြရန် တိုက်တွန်းလိုကြောင်း။

ယာယီနေရပ် စွန့်ခွာလာရသူများအပါအဝင် ပြည်တွင်း၊ ပြည်ပ ကြိုတင် မဲပေးမည့်သူများသည် ပုံစံ(၁၅)ဖြင့် တောင်းဆိုမဲပေးရမည်ဖြစ်ကြောင်း၊ ရောက်ရှိရာ နေရပ်တွင် မဲပေးလိုပါက အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ပြီးပါက ထောက်ခံချက်ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ထားပါကြောင်း။

ရွေးကောက်ပွဲ စနစ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် အတွက် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက်မူ ရောနှောထားသော ကိုယ်စားလှယ် အချိုးကျစနစ် (MMP)ကို ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီလက်ထရောနစ် မဲပေးစက်သုံးပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲတစ်မဲသည် ကိုယ်စားလှယ်လောင်းကိုသာမက ပါတီကိုပါ မဲပေးသည့်ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေး ပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်လောင်းများကို ဦးစားပေး အစီအစဉ်ဖြင့် ကော်မရှင်သို့ တင်သွင်းပေးရမည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်မှုအနေဖြင့် FPTP ကိုယ်စားလှယ်လောင်းများနည်းတူ PR ကိုယ်စားလှယ်လောင်းများသည်လည်း မဲဆွယ်စည်းရုံး ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများ အတွက်လည်းကောင်း လုံခြုံရေး အရ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက် ပေးထားပါကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေနှင့် အညီ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် သန္နိဋ္ဌာန်ထား ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများ အနေနှင့် အတူလက်တွဲပြီး ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

**ဖြည့်စွက်မှာကြား**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေး ပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန တာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စု ရွေးကောက် ပွဲကော်မရှင်ဥက္ကဋ္ဌ က လိုအပ်သည်များ ဖြည့်စွက် မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၆၁ ပါတီမှ ဥက္ကဋ္ဌ များ၊ ခေါင်းဆောင်များနှင့် တာဝန် ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊အမှုထမ်းများအားတွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေက တွေ့ဆုံအမှာစကား ပြောကြားသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက် တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက် တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်စေလွှတ်ခြင်းခံရမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း၊ သံတမန် ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိနိုင်ငံတော်အပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ ဒို့တာဝန်အရေး သုံးပါးအား အစဉ်အလေးထား၍ တာဝန်ထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ ထမ်းဆောင်ရမည့်တာဝန်များကို မိမိတို့၏အသက်နှင့်ထပ်တူ အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ သံတမန်တစ်ဦး၏ အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Good Listener ကောင်းတစ်ယောက်ဖြစ်မှသာလျှင် လေ့လာသင်ယူနိုင်ပြီး အကျိုးရှိစွာ ပြန်လည်အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အဓိကဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာစကားကို ကောင်းမွန်စွာပြောဆိုနိုင်မှသာလျှင် မိမိအား အရေးကြီးသောလုပ်ငန်းတာဝန်များကို ပေးအပ်လာပါက မိမိအနေဖြင့် တိုက်ရိုက်ဆက်သွယ်ပြောဆို ဆက်ဆံနိုင်မည်ဖြစ်ကြောင်း၊ သုံးနှစ်တာကာလအတွင်း သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားအပြင် အခြားဘာသာစကားများကိုလည်း တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာသင်ယူစေလိုကြောင်း၊ ယခင်ကကြုံတွေ့ခဲ့ရသည့် ပြဿနာရပ်များကို လေ့လာသင်ယူကာ ကိုယ်ပိုင်အကြံဉာဏ်ဖြင့်ဖြေရှင်းနိုင်ရေး Problem Solving Skill ရှိရန်လိုအပ်ကြောင်း၊ ပြဿနာများကိုဖြေရှင်းရာတွင် စိတ်ဝင်စားမှုရှိပြီး ပိုမိုကောင်းမွန်သောနည်းလမ်းများကိုလည်း စဉ်းစားထားရန်အရေးကြီးကြောင်း၊ တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွားထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားစေလိုကြောင်း။

သံတမန်ဆိုသည်မှာ နိုင်ငံကို ကိုယ်စားပြု၍ မိမိနိုင်ငံ၏အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာကို ဖော်ဆောင်ကြရခြင်းဖြစ်ကြောင်း၊ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့်ကျန်းမာရေးကို အထူးဂရုစိုက်ရန်မှာကြားလိုကြောင်း၊ နိုင်ငံသိက္ခာကျစေမည့်ကိစ္စရပ်များကို မလုပ်ရန်လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် ပညာရပ်များကိုလေ့လာနိုင်သည့် အခွင့်အရေးများစွာရှိသည့်အတွက် ကြိုးစားသင်ယူကြစေလိုကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ကောင်းမွန်သော အမူအကျင့်၊ အလေ့အထများကိုလည်း လေ့လာဆည်းပူးနိုင်ပြီး အသုံးချတတ်ရန်လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ကိုယ်ရည်ကိုယ်သွေးကောင်းမွန်အောင်၊ ထက်မြက်အောင်၊ ဂုဏ်သိက္ခာရှိအောင်၊ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုမြင့်မားလာစေအောင် ကြိုးစားနေကြရမည်ဖြစ်ပြီး မိမိတို့၏ Capacity ကို အမြဲမြှင့်တင်နေရန်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အောင်မြင်မှုများရရှိကြသည်ကိုသာ မြင်တွေ့လိုကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားပြီး မန္တလေး-လားရှိုး ရထားလမ်းပေါ်၌တည်ရှိသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည့်အပြင် အဖွဲ့အစည်းအသီးသီးကလည်း အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များကို ဩဂုတ် ၂၅ ရက်မှစ၍ ထုတ်ပြန်ခဲ့ကြသည်။

ယနေ့တွင်လည်း မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့တို့က TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်ခဲ့ကြသည်။ အဆိုပါထုတ်ပြန်ချက်များတွင် အများပြည်သူခရီးသွားလာရေးနှင့် ကုန်သည်များ ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါပြီး ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သည့်သမိုင်းဝင်အထင်ကရတံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ ရက်စက်ယုတ်မာစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ထပ်တူ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဖော်ပြထားကြသည်။

ကမ္ဘာ့ကျော်ဂုတ်ထိပ်တံတားကြီးသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး အဆိုပါဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်းတံတားတိုင်အမှတ်(P–16)နှင့် ကမ်းကပ်ခုံ(AB–2)နေရာတို့အကြား ပေ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB–2)တို့ ပျက်စီးသွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၏ သဘောထားထုတ်ပြန်ချက်

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများ အများအပြားလာရောက်ကြည့်ရှုလေ့လာကြပြီး မန္တလေး-လားရှိုးရထားလမ်းပေါ်တွင်တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိပြီး မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်၍ ထိုကဲ့သို့ ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်မှုအား မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်**
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ မြန်မာ့အမွေအနှစ်ဖြစ်သည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့်ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

## မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း**

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရ သမိုင်းအမွေအနှစ် အမှတ်အသားတစ်ခုဖြစ်သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားအား ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားခဲ့သော သမိုင်းဝင် အထင်ကရတံတားကြီးအား စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူခရီးသွားလာရေး ကုန်သည်ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် အရေးပါသည့် ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားတံတားအား ရက်စက်ယုတ်မာ မိုက်မဲစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် TNLA အကြမ်းဖက် သောင်းကျန်းသူများ၏ မိုက်မဲမှားယွင်းသောလုပ်ရပ်အား မြန်မာနိုင်ငံသူနိုင်ငံသားများ၊ ငြိမ်းချမ်းရေးကိုလိုလားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်ထပ်တူ မိမိတို့ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချအပ်ပါကြောင်း။

**မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ကျောင်းသား ကျောင်းသူ ၆၇ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၇၁၂ ဦးအေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၀ တို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ တစ်ဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံ တိုင်းရင်းသားပြည်သူ ၂၆ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်



# ပဲခူးခရိုင်အတွင်းရှိ ကျေးလက်လမ်း / တံတားလုပ်ငန်းများ စစ်ဆေး

**ပဲခူး ဩဂုတ် ၂၆**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ဩဂုတ် ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးခရိုင်အတွင်းရှိ ကျေးလက်လမ်း/တံတားလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ်အတွင်း ရေတိုက်စားမှုကြောင့် မျောပါသွားသော ဖအောင်ဝဲ-သုံးခွလမ်းပေါ်ရှိ အရှည် ပေ ၃၀ အုတ်ခုံခံကွန်ကရစ်တံတားကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ပဲခူးမြို့နယ်အတွင်းရှိ အဝိုင်း-ခုံတိုင်းလမ်း Twin Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနိုင်ငံတို့အကြား နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှု၊ နယ်စပ်လုံခြုံရေး၊ နယ်နိမိတ်ရေးရာကိစ္စရပ်များနှင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံက ဆက်လက်ပံ့ပိုးကူညီသွားမည့်အခြေအနေတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) အဖွဲ့ဝင်များ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးနေမှု၊ ICRC က မြန်မာနိုင်ငံအတွင်း ငလျင်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် နေရာဒေသများသို့သွားရောက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသ အာဏာပိုင် အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ကူညီဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# (၁၂) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

(၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development–AMMSWD and Related Meetings)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ M–Gallery Hotel ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံကျင်းပသည်။

အဆိုပါ အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် အကြိမ်(၂၀) မြောက် အာဆီယံအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖိုရမ် (20th ASEAN GO–NGO Forum)ကို ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အာဆီယံနိုင်ငံများရှိ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ အစိုးရဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ ဖိုရမ်တွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအပေါ် အာဆီယံဒေသတွင်း နိုင်ငံအသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ Speaker များက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး အကြံပြုချက်များကို ဖော်ထုတ်ခဲ့သည်။

ဩဂုတ် ၂၇ ရက်တွင် (၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာထူးချွန်ဆု (3rd ASEAN Outstanding Social Welfare and Development Award–AOSWADA) ပေးပွဲအခမ်းအနား၊ (၂၁)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (21st SOMSWD Meeting)ကို လည်းကောင်း၊ ၂၈ ရက်တွင်အကြိမ် (၂၀)မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (20thSOMSWD + 3 Meeting)နှင့် (၇)ကြိမ်မြောက် အာဆီယံဒေသတွင်းအားလုံး အကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများ ကွန်ရက်အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN–NIEA) တို့ကိုလည်းကောင်း၊ ၂၉ ရက်တွင် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Social Welfare and Development–AMMSWD)နှင့် (၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ+၃ ဝန်ကြီးများအဆင့် အစည်းအဝေး (8th AMMSWD+3 Meeting) တို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။



ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့အကြား လက်မှတ် ရေးထိုးထားသည့် လုပ်ငန်းစီမံချက်အရ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပေးအပ်ခဲ့မှု၊ အဆိုပါလုပ်ငန်းစီမံချက် သက်တမ်းတိုးဆောင်ရွက်ရေး၊ ငလျင်ဘေးသင့်ပြည်သူများအတွက် အကူအညီပေးအပ်ခဲ့မှု၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော UNFPA ဝန်ထမ်းများ၏ ဗီဇာနှင့် နေထိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်း ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❂ MNL မှ

ယခုတစ်ပတ်ကစားသည့် ပွဲစဉ် (၂) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို ငါးဂိုး–တစ်ဂိုး၊ ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ငါးဂိုးပြတ်၊ အား/ကာသိပ္ပံအသင်းက ရွှေဝတီယူနိုက်တက်အသင်းကို သုံးဂိုးပြတ်၊ ရတနာပုံအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ်(၂)အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ပွဲကစား လေးမှတ်၊ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက တစ်ပွဲကစား သုံးမှတ်၊ အား/ကာသိပ္ပံအသင်း၊ ရတနာပုံအသင်း၊ Dagon Port အသင်းနှင့် ရွှေဝတီယူနိုက်တက်အသင်းတို့က နှစ်ပွဲကစား သုံးမှတ်စီ၊ သစ္စာအားမာန်အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားပြီး တစ်ပွဲကစားထားသည့် မဟာယူနိုက်တက်အသင်း၊ နှစ်ပွဲစီကစားထားသည့် ရာမညယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့မှာ အမှတ်မရသေးပေ။

သတင်း – ကိုညီလေး
ဓာတ်ပုံ – SUFC

# လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့မှ ပြည်သူများအား အနုပညာရှင်များက ဖျော်ဖြေတင်ဆက်

တောင်ကြီး ဩဂုတ် ၂၆

ကယားပြည်နယ် လွိုင်ကော် တပ်နယ်ရှိ တပ်မတော်သားများ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အား အနုပညာရှင်များ၏ ဂုဏ်ပြု ဖျော်ဖြေတင်ဆက်မှုကို ယနေ့ နံနက်ပိုင်းကပြုလုပ်ရာ ပြန်ကြား ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တို့ တက်ရောက်ကြည့်ရှုအားပေး ပြီး တပ်ဖွဲ့ဝင်များအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုဖျော်ဖြေတင်ဆက်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်း ဆက်စကား ပြောကြားရာတွင် ယခုခရီးစဉ်၌ လိုက်ပါလာကြသော အနုပညာရှင်များ အနေဖြင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစု များ အပန်းပြေစေရန်အတွက် ဖျော်ဖြေ တင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လွိုင်ကော်တပ်နယ်မှ တပ်မတော် သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များအားလုံးကို တွေ့ဆုံနှုတ်ဆက် ပြီး စိတ်အပန်းပြေစေရန်နှင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးနိုင် ရန် ဖျော်ဖြေတင်ဆက်ပေးလိုသော်လည်း လာရောက်နိုင်သော တပ်ဖွဲ့ဝင်များကိုသာ ပြန်လည် မထွက်ခွာမီ ဂုဏ်ပြုဖျော်ဖြေတင် ဆက်နိုင်ခြင်းဖြစ်ပါကြောင်း။

တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ ဝင်များက နယ်မြေတည်ငြိမ် အေးချမ်းမှုရှိလာအောင် စွန့်လွှတ် စွန့်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက် နိုင်မှုနှင့်အတူ ကယားပြည်နယ် အစိုးရ၏ စီမံမှုနှင့် ပြန်လည်ပြုပြင် မွမ်းမံ ဆောက်လုပ်နိုင်မှုတို့ ကြောင့် လွိုင်ကော်မြို့သည် အချိန်တိုအတွင်း တိုးတက် ပြီးစီးကာ သန့်ရှင်းသာယာလှပမှု များကို မြင်တွေ့ရပါကြောင်း၊ ဆက်လက်ပြီးလည်း ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများ ဖြင့် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိနိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားပြီး တပ်မတော်သားများ နှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ဆုငွေ များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူချစ်သော အနုပညာရှင်များ ဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီစိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဉ္ဇာမြင့်မိုရ်၊ နေခြည် ငြိမ်းချမ်းနှင့် အနုပညာရှင်များက စုပေါင်း၍ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တပ်ဖွဲ့ဝင် များက ပျော်ရွှင်စွာအတူတကွ လိုက်ပါသီဆိုကခုန် အားပေးကြ သည်။



လွိုင်ကော်တပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် အနုပညာရှင် များနှင့်အတူ လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အနုပညာရှင် များက ဖျော်ဖြေတင်ဆက်ရာ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်နယ် မှ မိသားစုများ၊ တောင်ကြီးမြို့ရှိ တိုင်းရင်းသား စာပေယဉ်ကျေးမှု အဖွဲ့ ရှစ်ဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူ များ၊ ဆေးတက္ကသိုလ်(တောင်ကြီး)၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေး ဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြ သည်။

## ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ဖျော်ဖြေပွဲတွင် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ရှမ်းအကနှင့် ပအိုဝ်းအကတို့ဖြင့် စုပေါင်းဖျော်ဖြေပြီး အနုပညာရှင် အကယ်ဒမီ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဆုထက်လှိုင်၊ ဂျူဝဲလ်၊ သဉ္ဇာမြင့်မိုရ်၊ ယဉ်လတ်၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင် များက အငြိမ့်ကပြမှု အပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေ တင်ဆက်ခဲ့ကြသော အနုပညာရှင် များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ရှမ်းပြည်နယ်အစိုးရ အဖွဲ့အတွက် MRTV DTH စလောင်း အစုံ ၃၀ နှင့် T-2 အစုံ ၅၀ ကို လည်းကောင်း၊ ရှမ်းတောင် ပရဟိတ ညီနောင်များအဖွဲ့အတွက် MRTV DTH စလောင်းအစုံ ၅၀ နှင့် T-2 ၅၀ ကို လည်းကောင်း၊ Forever Group ကုမ္ပဏီမှ စီမံကိန်း ဒါရိုက်တာ ဦးသိန်းထွန်းအောင်က ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းတောင်ပရဟိတ ညီနောင်များ အဖွဲ့အတွက် Canal+ DTH စလောင်းအစုံ ၅၀ စီဖြင့် စုစုပေါင်း ၁၀၀ ကိုလည်းကောင်း ပေးအပ် လှူဒါန်းကြသည်။





တေးသံရှင် ဂျူဝဲလ် တောင်ကြီးမြို့၌ ဖျော်ဖြေတင်ဆက်စဉ်။

## လွှဲပြောင်းပေးအပ်

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက MRTV DTH စလောင်း ၁၀ စုံနှင့် T-2 Set top Box အစုံ ၂၀ တို့အား တက်ရောက်လာ သူများအတွက် ကံစမ်းမဲဖောက်ပေး ပြီး မဲပေါက်သူများကို တစ်ဆက် တည်း လွှဲပြောင်းပေးအပ်ကြ သည်။

ထို့နောက် အနုပညာရှင်များ နှင့် တက်ရောက်လာကြသူများ စုပေါင်း၍ တေးသီချင်းများ သီဆို ကခုန်ကာ ပျော်ရွှင်စွာဖြင့် ဖျော်ဖြေ ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် မီဒီယာများတွေ့ဆုံဆွေးနွေး



ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ကြီးမှူးကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံ ဆွေးနွေးပွဲ (တတိယသုံးလပတ် မြန်မာ - တရုတ် မီဒီယာတွေ့ဆုံပွဲ)ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံ အမတ်ကြီး မစ္စ မာကျား၊ မြန်မာနိုင်ငံ အခြေစိုက် တရုတ်သတင်းဌာနများ၊ မြန်မာ - တရုတ် နှစ်နိုင်ငံမှ သတင်းမီဒီယာများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ “ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့စစ်မြေပြင်သို့ တရုတ်ခရီးရှည် ချီတက်တပ် ဝင်ရောက်တိုက်ခိုက်ရေး၏ အနက်အဓိပ္ပာယ်” Video Clip ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားက ယခုမီဒီယာ တွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့်နိုင်ငံများ၊ ပြည်သူများ နှင့်အတူ သမိုင်းကြောင်းကို မမေ့မလျော့ဘဲ အနာဂတ်ကောင်းတစ်ခု အတူတူဖန်တီးနိုင်ရန် အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကမ္ဘာ့ နိုင်ငံအသီးသီးနှင့် ဒေသတွင်းနိုင်ငံများအနေဖြင့် ပဋိပက္ခများနှင့် စစ်ပွဲများရှောင်ရှားလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅)ချက်နှင့်အညီ ငြိမ်းချမ်းရေးကို တန်ဖိုးထား ဦးတည်ဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ အေးချမ်း သာယာမှုများနှင့်အတူ အနာဂတ်ကာလတွင် အိမ်နီးချင်းကောင်းပီသစွာ ရပ်တည်နေထိုင်သွားကြ ပါစို့ဟု ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံမှ သတင်းမီဒီယာများက နှစ်နိုင်ငံဒေသအတွင်း အနာဂတ်ငြိမ်းချမ်းရေးအသိုက်အဝန်း အတူတကွ ဖော်ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဖလှယ် ခဲ့ကြသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် သင်တန်းများ၌ ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ၊ ဂုဏ်ထူးရ ထူးချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခဲ့ကြရသည့် မိမိတို့ဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများ၏ အောင်မြင်မှုသည်




၆၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ **"အခက်အခဲများက ရုန်းထလို့ မိမိအရည်အသွေးထုတ်ပြဖို့ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြပါစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျားကုတ်ကျားခဲ ကြိုးစားပြီး ပြန်လည်ဖြေဆိုခဲ့ကြခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့်နှစ်များတွင် အောင်မြင်မှု ရာခိုင်နှုန်းတိုးတက်မြင့်မားအောင် ကျောင်းသား ကျောင်းသူများနှင့် မိဘများက ဝါယမစိုက်ထုတ် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၄၀၊ သုံးဘာသာဂုဏ်ထူးရှင် ၈၂ ဦး စုစုပေါင်း ၁၃၉ ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေသားများကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သင်တန်းများ၌ ဆုရရှိခဲ့ကြသည့်ဝန်ထမ်းရှစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေသားများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြရာ ထူးချွန်ကျောင်းသားကျောင်းသူများနှင့် ထူးချွန်ဝန်ထမ်းများက လက်ခံရယူကြပြီး ကျောင်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၂၆**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အခြေခံပညာ အထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေ




ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် အောင်ချက် အကောင်းဆုံးဆုရကျောင်းအား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး လေးဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ မိဘများအား တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး ဆုပေးပွဲတွင် ဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဖျာပုံမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ဖျာပုံ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏လမ်းညွှန်မှုဖြင့်အခြေခံပညာဦးစီးဌာနက ဦးဆောင်ကျင်းပသော ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဖျာပုံမြို့ အထက(၁)ကျောင်း အောင်မြေခန်းမ၌ ကျင်းပသည်။

ဦးစွာ အလုပ်ရုံဆွေးနွေးပွဲတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းအမှာစကား ပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ်အခြေခံပညာဦးစီးဌာန လက်အောက်ရှိ(အထက)ကျောင်းများမှ ဘာသာရပ်သင်ဆရာကြီး ဆရာမကြီးများ၊ ဘာသာရပ်အလိုက် အသင်းအဖွဲ့များက အောင်ချက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒက္ခိဏသီရိမြို့နယ်၌ ဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

ဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

**အသိပညာပေး**

ဦးစွာ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက အမှာစကား ပြောကြားပြီး "ဉာဏဗလပြည့်စုံဖို့ စာဖတ်ကြစို့" ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်"၊ "လူငယ်နှင့် ကျန်းမာရေး"၊ "လူငယ်နှင့် ယဉ်ကျေးမှု"၊ "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# မြိတ်တက္ကသိုလ်၌ လူငယ်နှင့်လောကနီတိ သင်တန်းဖွင့်လှစ်

**မြိတ် ဩဂုတ် ၂၆**

မြိတ်တက္ကသိုလ်တွင် ဩဂုတ် ၂၅ ရက် မွန်းလွဲ ၃ နာရီက တက္ကသိုလ် Theater 2 အဆောင်တွင် လူငယ်နှင့်လောကနီတိ သင်တန်းကို တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းက ကြီးမှူး၍ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များ၊ သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းလျှောက်ထားသည်။ သင်တန်းတွင် လောကနီတိ၊ လောကသာရပျို့ (အမျိုးလေးပါးဆုံးမခန်း)၊ သိင်္ဂါလောဝါဒဆုံးမစာ၊ ဂိဟိဝိနယဆုံးမစာ စသော သင်ခန်းစာများကို ဩဂုတ် ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။



သင်တန်းကို ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၁၃၈ ဦး တက်ရောက်ပြီး မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသ စံကျောင်းဆရာတော်ကသင်ကြားပို့ချကာ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

# ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေး လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန) မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ စာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ (၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း**နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၅-ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့မှ (၁၉) ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၆-၈-၂၀၂၅)

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဩဂုတ် ၂၆**

ပဲခူးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျုံးမဝင်သော မိုးစပါးစိုက် တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် အိုးဘိုကျေးရွာ ယာယီရှင်းလင်းဆောင်၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးဆောင်ရွက်နေမှု၊ ကြဲပက်စနစ်အစား Drum Seeder များ တိုးချဲ့ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများသုံးစွဲနိုင်မှ သီးနှံများသတ်မှတ်ပန်းတိုင်အထွက်နှုန်း ရရှိမည်ဖြစ်ပြီး တောင်သူများ၏ ဝင်ငွေနှင့်လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ ကျေးရွာများတွင် အမှန်တကယ်လုပ်ငန်း လုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစား တူညီသူများ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်းပေးပြီး အသင်းသား တောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပဲခူးမြို့နယ်အတွင်းရှိ အိုးဘိုကျေးရွာအပါအဝင် ကျေးရွာ ၁၁ ရွာမှ မိုးစပါးစိုက်တောင်သူများအား ယူရီးယား၊ ကွန်ပေါင်း သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား သံအဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးတို့မှ အဖွဲ့ဝင်များ၏ မှီခိုသူမိသားစုဝင်များကို အကျိုးအမြတ်ရှိသော အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်း သဘောတူညီချက် လက်မှတ်ရေးထိုး




**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သံအဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးတို့မှ အဖွဲ့ဝင်များ၏ မှီခိုသူမိသားစုဝင်များကို အကျိုးအမြတ်ရှိသော အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်း (Authorizing the Dependents of Members of a Diplomatic Mission or Consular Post to Engage in Gainful Employment) သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါသဘောတူညီချက်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ရှေ့မှောက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thukar တို့က နှစ်နိုင်ငံကိုယ်စား လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ အဆိုပါသဘောတူညီချက်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ခိုင်မာသည့်ဆက်ဆံရေးနှင့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပြလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




## နေရောင်ခြည်စွမ်းအင်နည်းပညာ လက်တွေ့အသုံးချသင်တန်း သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ရန်ကုန်မြို့ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနက ဖွင့်လှစ်ပို့ချသည့် အမှတ်စဉ် (၂၄) နေရောင်ခြည်စွမ်းအင် နည်းပညာ လက်တွေ့ အသုံးချသင်တန်း သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါဦးစီးဌာန၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်း (၂၀၂၂)ရလဒ်အနေဖြင့် Solar Energy Exhibition and Training Center ကို တည်ထောင်နိုင်ခဲ့ပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအနေဖြင့် ပြန်ပြည့်မြဲစွမ်းအင်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ သင်တန်းတက်ရောက် အောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ

၁။ ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်
(က) အဆင့်မြင့်ပညာအဆင့်
( ခ ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
( ဂ ) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

**၂။ ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ**
(က) **အဆိုပြိုင်ပွဲ**
(၁) မဟာဂီတ(အဆင့်အားလုံး)၊
(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)

(ခ) **အကပြိုင်ပွဲ**
(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)
(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး
ယိမ်းအကပြိုင်ပွဲ (အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ် အတွင်းအဆင့်)
(၃) တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊
ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)
(၄) တနင်္သာရီတိုင်းဒေသကြီး၏ ရိုးရာအကပြိုင်ပွဲ(၁၆-ဦး)

(ဂ) **အရေးပြိုင်ပွဲ**
(၁) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)
(၂) အခြေခံပညာ(အသက်၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း) အဆင့်(အမျိုးသား/ အမျိုးသမီး)

(ဃ) **အတီးပြိုင်ပွဲ**
( ၁ ) စောင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
( ၂ ) စန္ဒရား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
( ၃ ) ပတ္တလား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
( ၄ ) တယော - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
( ၅ ) မယ်ဒလင် - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
( ၆ ) ဂီတာ - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
( ၇ ) ဒုံမင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
( ၈ ) ဆိုင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်း
( ၉ ) ဆိုင်းဝိုင်းကြီး- အဖွဲ့လိုက်(အမျိုးသား - ၈ ဦး၊ အဖွဲ့လိုက် အမျိုးသမီး ၈ ဦး)
(၁၀) နှဲ - တစ်ဦးချင်း(အမျိုးသား)
(၁၁) ပလွေ - တစ်ဦးချင်း(အမျိုးသား)
(၁၂) အိုးစည် - အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)
(၁၃) ဒိုးပတ် - အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)
မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်အမျိုးသား/အမျိုးသမီး**
(က) သာဆန်းရဂုံဘွဲ့ (ပတ်ပျိုး)
( ခ ) ပပဝင်းဝင်း (ပတ်ပျိုး)
( ဂ ) မန္တလာဘုံ ( ဘွဲ့ )
(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် အမျိုးသား/အမျိုးသမီး**
(က) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
( ခ ) ဆင့်ရရင့်ငယ်လေ (ပတ်ပျိုး)
( ဂ ) ရန်တကာအောင် (ဘွဲ့)
(ဃ) လေပြေဆော်သွင်းမြူး (ယိုးဒယား)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် အမျိုးသား/အမျိုးသမီး**
(က) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
( ခ ) မြိုင်ခြေတစ်ခွင် (ပတ်ပျိုး)
( ဂ ) တောဟောဝန်လယ် (ယိုးဒယား)
(ဃ) ပြောင် ပြောင် ပြောင်နာဂိန် (ကြိုး)

## "ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်(အမျိုးသား)**
(က) ဗျောသံ (ဥက္ကလာမောင် )
( ခ ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း (စန္ဒရားထွန်းညွန့် )
( ဂ ) မဟာဗန္ဓုလ (ကိုထွန်းရွှေ )
(ဃ) အလွမ်းပြေအမေ့စာ (မောင်မောင်လတ် )

**၂။ အဆင့်မြင့်(အမျိုးသမီး)**
(က) မြည့ှင်းလေပြေ (မအေးမိ)
( ခ ) အတုအယောင် (ငွေးငွေးမြင့် )
( ဂ ) မြသဝန်ကြောင် (လေဘာတီမြရင် )
(ဃ) အစိန္တေယျ (ငွေးငွေးမြင့်)

**၃။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
(က) ကောက်ရိပ်ချိန် (မောင်ပွကြီး)
( ခ ) မြတ်ဒေသနာ (သထုံဘသိန်း)
( ဂ ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
(ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး)**
(က) ရွှေဖိုးခေါင် (ဒေစီကျော်ဝင်း)
( ခ ) ဟေမန္တရဲ့သဘာဝ (သင်းသင်းမြတ်)
( ဂ ) ပါရမီတော် (တင်တင်မြ)
(ဃ) အနန္တငါးဖြာ (မေစိန်)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
(က) မမေ့သောအညာ (သန်းထွန်းလေး)
( ခ ) ရှင်သီဝလိ (ပြည်လှဖေ)
( ဂ ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)
(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

**၆။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး)**
(က) သီတာရတနာ (ဒေါ်ကြည်အောင်)
( ခ ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
( ဂ ) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)
(ဃ) ဒိုးကလေး (ညွန့်ညွန့်စိန်)

## "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**
(က) ကျေးရွာဝါဒ (ကိုအံ့ကြီး )
( ခ ) မဟာ (ဇော်ဝင်းထွဋ်)
( ဂ ) ကျွန်ုပ်တို့ မြန်မာပြည် (ထူးအယ်လင်း)
(ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)

**၂။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**
(က) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
( ခ ) ထာဝရငြိမ်းချမ်းရေး (မေဆွိ)
( ဂ ) တဘာသာအလှ (ငြိမ်းငြိမ်းအိ)
(ဃ) နွယ်သာကီ (ခင်ညွန့်ရီ)

## "စောင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) အိုသာတင့်ဆုံး (ယိုးဒယား)
( ခ ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
( ဂ ) ဆီးနှင်းပြိုက်ကြ (ကြိုး)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ပြောင် ပြောင် ပြောင် နာဂိန် (ကြိုး)
( ခ ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
( ဂ ) သည်ဆောင်းဟေမာန် (ဘွဲ့)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ကန္တာလေတောခြေ (ယိုးဒယား)
( ခ ) ရှုတိုင်းသာစွ (ကြိုး)
( ဂ ) စောင်းတော်သိင်္ဂါ (ကြိုး)

## "စန္ဒရား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မဲဇာတောင်ခြေ (ပတ်ပျိုး)
( ခ ) နက်ဖြန်သို့မဟုတ်ဘယ်သောခါ (ကာလပေါ်)ထား(Key-G)
( ဂ ) ပန်းဟေဝန် (ယိုးဒယား)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဖြေလျော့ခွေ (ပတ်ပျိုး)
( ခ ) ချောကလျာ (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key-E$^{b}$)
( ဂ ) အင်ကြင်းသရဖီ (ယိုးဒယား)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
( ခ ) တောနှင့်တောင်စွယ် (ယိုးဒယား)
( ဂ ) ညအတွေး (ကာလပေါ်)မာမာအေး (Key-G)

## "ပတ္တလား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) လူမနှော (ပတ်ပျိုး)
( ခ ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
( ဂ ) မှန်ညောင်သဠာ (ဝတ်တော်ရုံ)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
( ခ ) ထိပ်တင်ဇကံ (ဝတ်တော်သိမ်း)
( ဂ ) သောင်းသောင်းညံ (ယိုးဒယား)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သီလာမြေယံ (ကြိုး)
( ခ ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
( ဂ ) ဟေမန်ပွေဟန် (ပတ်ပျိုး)

## "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
(က) သီလာမြေယံ (ကြိုး)
( ခ ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
( ဂ ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာဩဘာဘွဲ့)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
(က) စံရာတောင်ကျွန်း (ကြိုး)
( ခ ) မင်္ဂလာသီရိ (ဘွဲ့)
( ဂ ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
( ခ ) လာချေပြီ (ကြိုး)
( ဂ ) ဘုံဆောင်မြင့် (ကြိုး)

## "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
(က) ဇေယျာအောင်ချာ (ကြိုး)
( ခ ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
(က) ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ (ကြိုး)
( ခ ) ဟေမဝန်ချာ (ဘွဲ့)
( ဂ ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
(က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
( ခ ) မှန်ညောင်သဠာ (ဝတ်တော်ရုံဘွဲ့)
( ဂ ) မင်းလမ်းစပ်ကာ (ကြိုး)

## "တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ

**၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
( ခ ) မြိုင်ကြီးဟေမာ (ယိုးဒယား)
( ဂ ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

**၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မဟာဇနက္က (ကာလပေါ်)
( ခ ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
( ဂ ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

**၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆန်းနွေဦး (ယိုးဒယား)
( ခ ) တိမ်တမန် (ကာလပေါ်)
( ဂ ) ဝေဘာဂီရိ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

# ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းရှင်များ တွေ့ဆုံ




ပုသိမ် ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်သုံးဆီများ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ရည်ညွှန်းသတ်မှတ်ဈေးနှုန်းများနှင့်အညီ ရောင်းချပေးနိုင်ရေး၊ လမ်းအဆင့်အလိုက် နယ်နိမိတ် သတ်မှတ်ချက်များနှင့် တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်သတ်မှတ်ချက်များနှင့် စက်သုံးဆီရောင်းဝယ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကိုးသိန်းစန္ဒကာ အားကစားခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား၊ ခရိုင်ပေါင်းစုံဘိလိယက်၊ စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားသည့် ပုသိမ်ခရိုင်အသင်းနှင့် ဖျာပုံခရိုင်အသင်းတို့၏ စနူကာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား၊ ခရိုင်ပေါင်းစုံ ဘိလိယက်၊ စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဖျာပုံခရိုင်၌ မီးဘေးလုံခြုံရေး စစ်ဆေး

ဖျာပုံ ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဖျာပုံခရိုင် ဆေးရုံ၊ ဆေးခန်း၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ သန္ဒေအရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံဆေးခန်းများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကာ မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ပြီး မီးဘေးလုံခြုံမှုရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်းမှု စနစ်တကျ ရှိ၊ မရှိ၊ စစ်ဆေးခဲ့ကြောင်း သိရသည်။ ရေဦးသာ





## မိတ္ထီလာတက္ကသိုလ်၌ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

မိတ္ထီလာ ဩဂုတ် ၂၆

မိတ္ထီလာတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(မိတ္ထီလာ)မှ ဒုတိယရဲမှူးလှိုင်စိုးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများနှင့် အမှတ်(၅၅) မူးယစ်တပ်ဖွဲ့စု(မိတ္ထီလာ)မှ ရဲအုပ်ကျော်စိုးလင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ချမ်းသာ(မိတ္ထီလာ)

○ လီဗာပူးမှ

အချိန်ပို ၁၀ မိနစ်မှာ ငူမိုဟာကတစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ အိမ်ကွင်းမှာ ရှုံးပွဲမကြုံတွေ့ရရေး ကြိုးပမ်းရင်း ပထမပိုင်း ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုသုံးမိနစ်မှာ အန်တိုနီဂျော်ဒန် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံရလို့ တစ်ယောက်လျော့နဲ့ကစားခဲ့ရတာဖြစ်ပါတယ်။ တစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် နယူးကာဆယ်အသင်းဟာ ၅၈ မိနစ်မှာ ဂွီမာရေ့စ်က တစ်ဂိုး၊ ၈၈ မိနစ်မှာ အိုဆူလာက တစ်ဂိုးသွင်းယူခဲ့လို့ ချေပဂိုးနှစ်ဂိုးရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် ဂိုးသွင်းယူပေးခဲ့တဲ့ ဂရာဗင်ဘာ့ချ်ဟာ ၂၀၂၄ ခုနှစ် ဧပြီလနောက်ပိုင်း ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အသက် ၁၆ နှစ်အရွယ်ရှိ ငူမိုဟာကလည်း လီဗာပူးအသင်းရဲ့သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးနဲ့ ဂိုးသွင်းယူနိုင်တဲ့ ပထမဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်ခြောက်မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၃) နေရာမှာ ရပ်တည်နေတာဖြစ်ပြီး နယူးကာဆယ်အသင်းကတော့လီဗာပူးအသင်းကိုရှုံးနိမ့်ခဲ့လို့ အမှတ်ပေးဇယားအဆင့်(၁၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ငွေကြယ်



## မကွေးမြို့၌ စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်း ဖွင့်လှစ်

မကွေး ဩဂုတ် ၂၆

ရေနံနှင့် ရေနံထွက်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနိုင်ရေးနှင့် သယ်ယူပို့ဆောင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်စေရေး စက်သုံးဆီနှင့် စက်သုံးဆီသယ်ယာဉ် ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းကို ဩဂုတ် ၂၃ ရက်က မကွေးမြို့ ထိန်ထိန်သာဟိုတယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လတ်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မြို့နယ်မှူး ဦးပြည်ဖြိုးသော်တို့က စက်သုံးဆီသယ်ယာဉ် ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းနှင့် စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်းတို့ကို မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းပြီး သင်တန်းသား ၄၉ ဦးအား ပို့ချပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ ဝန်ထမ်းသင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၀၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၁၅ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၈၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြို့နယ်အချို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**တောင်ကြီးမြို့**

မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးပြီး စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ တောင်ကြီး တက္ကသိုလ် ဘက်စုံသုံးခန်းမနှင့် နောင်လေကျေးရွာရှိ ဆန္ဒဗူခန်းမတို့၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်အောင် တက်ရောက်အားပေးသည်။

အခမ်းအနားများတွင် ပြည်နယ်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်၍ အပိုင်းအလိုက် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တွင် မြို့နယ် (၅၅)မြို့နယ်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၁ မြို့နယ်၊ မြောက်ပိုင်းတွင် ခြောက်မြို့နယ်၊ အရှေ့ပိုင်းတွင် ကိုးမြို့နယ် ကျင်းပရန် လျာထားကြောင်း၊ ရွေးကောက်ပွဲ အပိုင်း(၁)တွင် မြို့နယ် ၁၂ မြို့နယ်၌ စတင်ကျင်းပမည် ဖြစ်ကြောင်း၊ ယခုကျင်းပမည့် ပြည်ထောင်စု ရွေးကောက်ပွဲသည် နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းမှတ်တိုင်ထူမည့် ရွေးကောက်ပွဲဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူတိုင်း တက်ကြွစွာပါဝင်မဲပေးကြရန် ပြောကြားသည်။

ထို့နောက်ပြည်နယ်ကော်မရှင်ဥက္ကဋ္ဌ၊ တောင်ကြီးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ တောင်ကြီးတက္ကသိုလ်မှ ပါမောက္ခ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နမ့်ဆီး၊ နောင်လေဒေသခံပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ ဘက်စုံသုံးပြည်နယ်လေ့ကျင့်ရေးရုံရှေ့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီစသည့် အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းနှင့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်အမျိုးသားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခြင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




**မြောင်းမြမြို့**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ယာယီနေရပ်စွန့်ခွာပြည်သူများ အခက်အခဲမရှိစေရေး အလေးထားဆောင်ရွက်ပေးနေမှုများကို ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**





**ဝေါမြို့**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်ထိုက်ထိုက်လွင်က မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)သုံးစွဲပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိုင်းရှူးမြို့**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် ပတ္တမြားခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းဝိုခမ်းက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းပုံစံအား ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်းအလှည့်ကျ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**သန်းလှူ(ပြန်/ဆက်)**



## ငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ်သင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၆**

ငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ်သင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင် ရောက်ရှိခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က သင်္ဘောသားများ ပြည်ပသင်္ဘော သွားရောက်မှုနှင့်ပတ်သက်၍ မိဘများအား ရှင်းလင်းပြောကြားသည်။



ထို့နောက် ငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ်သင်္ဘောသားလေးဦးက မြန်မာနိုင်ငံမှ အိုမန်နိုင်ငံသို့ ရောက်ရှိခဲ့မှုနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမှု အတွေ့အကြုံများကို ပြောကြားသည်။

ယင်း ငါးဖမ်းသင်္ဘောပေါ်သို့ မတရားပို့ခံရသည့် လူသစ်သင်္ဘောသားများသည် ဩဂုတ် ၁၂ ရက်က အိုမန်နိုင်ငံသို့ ရောက်ရှိပြီး ဩဂုတ် ၂၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ **မျိုးမင်းသူရ**

## ဓနုဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**ဓနုဖြူ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အဖွင့်အမှာစကားပြောကြားသည်။



အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

■

## လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅)ခုရှိ လူမှုရေးပင်စင် အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **(၁-၉-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်အထိ)** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည် ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသား အသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီ ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်း ဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်(MCCT)တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၂၂-၉-၂၀၂၅ ရက်မှ ၂၂-၁၂-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည် ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသား အသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဟားခါးမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဟားခါး ဩဂုတ် ၂၆

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ ၊ ပြည်နယ်ဥပဒေချုပ်၊ အခြေချစစ်ဗျူဟာမှူး၊ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စံပြနို့တိုက်မိခင်နှင့် စံပြကလေးဆုရရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စံပြနို့တိုက်မိခင်ဆုရရှိသူကို လည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက စံပြကလေးဆုရရှိသူကိုလည်းကောင်း ဆုများပေးအပ်ကြပြီး အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က အသက် ငါးနှစ်အောက် ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေဆေးလုံးနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဆေးပြားများနှင့် အာဟာရဖြည့်အစာများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ကော်ဖီ နိုင်ငံတကာသို့ထိုးဖောက်နိုင်ရန် JCI Myanmar နှင့် JCI Aichi Block Japan ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၂၆

JCI Myanmar၊ JCI Aichi Block Japan နှင့် MAJA တို့ပူးပေါင်း၍ မြန်မာ့ကော်ဖီအား နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး လုပ်ဆောင်နေသည့် အစီအစဉ်များ မိတ်ဆက်ပွဲကို ဩဂုတ် ၂၆ ရက်က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ MAJA Education Center ၌ ကျင်းပသည်။




အခမ်းအနားတွင် JCI Myanmar မှ ပရောဂျက်အဖွဲ့ခေါင်းဆောင် Mr. Yamada က မြန်မာ့ကော်ဖီအား နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး လုပ်ဆောင်နေသည့် အစီအစဉ်များကို မိတ်ဆက်ပြောကြားသည်။ ဆက်လက်၍ JCI Aichi Block Japan ဥက္ကဋ္ဌ Mr. Hirano၊ MAJA နာယက ဦးမြင့်ဝေ၊ ဥက္ကဋ္ဌ ဦးမျိုးလွင်တို့က အမှာစကားပြောကြားပြီး ပရောဂျက်အဖွဲ့ခေါင်းဆောင် Mr. Ozawa က OMIYAGE Project ဖြင့် မြန်မာ့ကော်ဖီအား နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်နိုင်ရေး ဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူများက KIZUNA BLEND အမည်ဖြင့် ထုတ်လုပ်ရောင်းချမည့် မြန်မာ့ကော်ဖီအား မိတ်ဆက်ခဲ့သည်။

JCI Myanmar သည် JCI Aichi Block Japan နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ် ရွာငံမြို့မှ ကော်ဖီစေ့များကိုရယူကာ KIZUNA BLEND အမည်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ဂျပန်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကာ ယင်းမှတစ်ဆင့် အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများမှ ကမ္ဘာ့နိုင်ငံများအထိ ရောင်းချနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

**ချစ်ကိုကို၊ ဓာတ်ပုံ-စိုးညွန့်သော်**



## ပင်လောင်းမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ မြို့နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပင်လောင်း ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ မြို့နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်သိန်းထွေးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကလေးများအား ဗီတာမင်ဆေး၊ သန်ချဆေးများတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်ဆေး၊ ဘီတာမင်ဘီဝမ်း ဆေးများဖြန့်ဝေတိုက်ကျွေးခြင်းနှင့် ငါးနှစ်အောက်ကလေးများအား လက်ဆောင်များပေးအပ်သည်။ ထို့နောက် ပင်လောင်းမြို့မဈေးအတွင်းရှိ ဈေးဆိုင်များတွင် ရောင်းချသည့် ဆားများ အိုင်အိုဒင်းဆား အရည်အသွေးများ စစ်ဆေးခြင်းနှင့် အာဟာရအုပ်စု အာဟာရအစားအစာများ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ အာဟာရအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

ဇလွန် ဩဂုတ် ၂၆

ဧရာဝတီ တိုင်းဒေသကြီး ဇလွန်မြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ အာဟာရအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြင့်သန်းနု၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မိုးတို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒေါ်ကျော့ယဉ်ခိုင်က မိခင်များအတွက် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများ၊ စိတ်ထိခိုက်ခံစားရမှုများကို လျှော့ချရန် နည်းလမ်းများ၊ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများနှင့် အကျိုးခံစားခွင့်ရှိသူများ၏ အကြောင်းအရာများ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှု လက္ခဏာများကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ပုသိမ်မြို့၌ လေအေးပေးစက်တပ်ဆင်ပြုပြင်ခြင်း သင်တန်းဆင်းပွဲ ကျင်းပ

ပုသိမ် ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လေအေးပေးစက်တပ်ဆင်ပြုပြင်ခြင်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ပုသိမ်)၌ ပြုလုပ်သည်။




ဦးစွာ ဧရာဝတီတိုင်းဒေသကြီးကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းသားသင်တန်းသူများ ကိုယ်စားသင်တန်းသူတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၂၆ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ToT သင်တန်းဖွင့်

ညောင်ဦး ဩဂုတ် ၂၆

သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ToT သင်တန်းဖွင့်ပွဲအခမ်းအနားကို ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ရာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ပညာရေးမှူး ဦးကျော်ဝင်းက သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာရေးနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်က သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အခြေခံစံနှုန်းလေးချက်နှင့် အညွှန်းကိန်း ၁၇ ချက်တို့ကို ရှင်းလင်းတင်ပြကာ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် ASEAN Eco-School Award ရရှိခဲ့သည့် ကချင်ပြည်နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြစ်ကြီးနားမြို့၏ ဆုရ Video Clip ကို ပြသသည်။

ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တာဝန်ရှိသူများက အမှိုက်ပုံး၊ အခြေခံပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ် ဆရာလက်စွဲ Level 1 ၊ to 5 , Summary စာအုပ်များကို သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး ဆရာမကြီးတို့အား ပေးအပ်သည်။

ဆက်လက်၍ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ဆရာ ဆရာမများအား ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုမွန်ဦးက ဇီဝမျိုးစုံ မျိုးကွဲများနှင့် စွမ်းအင်၊ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းနိုင်က ရေ၊ လေနှင့် မြေဆီလွှာ၊ ဒုတိယဦးစီးမှူး ဦးသော်ဇင်ဝင်းက သစ်တောသစ်ပင်နှင့် လူသားပတ်ဝန်းကျင် စသည့်အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၇ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၇ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၂၀ စုစုပေါင်း ပြည်ပနိုင်ငံသား ၅၇ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုစာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❖ **အပူပိုင်းမုန်တိုင်းငယ်မှ**

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် လေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ် နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၆-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၇-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ သိပ္ပံဘွဲ့ (သစ်တောပညာ) B.Sc (Forestry)၊ (၄) နှစ်သို့ တက်ရောက်သင်ကြားခွင့်ရရှိရန်အတွက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၆၄) ဦးနှင့် အမျိုးသမီးဦးရေ (၁၆) ဦးကို (၈၀:၂၀) ဖြင့် လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-
- (က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်၊
- (ခ) ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS – 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင် စာမေးပွဲတွင် စုစုပေါင်း ရမှတ် ၃၅၀ မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်၊
- (ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာဘာသာရပ်များနှင့် ပတ်သက်၍ တောတွင်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး (က) အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသူဖြစ်ရမည်၊
- (ဃ) မိုင် (၂၀) လမ်းလျှောက်စွမ်းရည်စစ်ဆေးမှု အောင်မြင်ရမည်။
- (င) တက္ကသိုလ်မှ ချမှတ်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့် လျှောက်လွှာသတ်မှတ်ပုံစံမှာ ပူးတွဲပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A-4 Size) စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-
- (က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ) (ကျောင်းအပ်သည့် အချိန်တွင် မူရင်းတင်ပြရမည်)၊
- (ခ) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊
- (ဂ) ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း သို့မဟုတ် ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)၊
- (ဃ) လိုင်စင်ဓာတ်ပုံ (၄) ပုံ။
- (င) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းမှ ကျန်းမာကြောင်း ဆေးစစ်ချက် (မူရင်း)နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း (colour Blind) ဆေးစစ်ချက် (မူရင်း)

၆။ လျှောက်လွှာကို စာပိုဒ်အမှတ် (၅) ပါ အထောက်အထားများနှင့်အတူ ၁၀-၁၀-၂၀၂၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာနခွဲ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁ (သို့မဟုတ်) Email လိပ်စာ **ufes.registrar@gmail.com နှင့် registrar@ufes.edu.mm** သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာ အိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဖုန်း - ၀၆၇ ၃၄၁၆၆၈၁ (သို့မဟုတ်) ၀၆၇ ၃၄၁၆၅၁၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Website ဖြစ်သော **https://www.monrec.gov.mm** နှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ Website ဖြစ်သော **https://www.ufes.edu.mm** တို့တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လိုင်စင်ဓာတ်ပုံ ကပ်ရန်

### လျှောက်လွှာသတ်မှတ်ပုံစံ
### သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
### ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

၁။ အမည် (အပြည့်အစုံ) ------------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------
၃။ လူမျိုး ------------------------------
၄။ ကိုးကွယ်သည့်ဘာသာ ---------- -------------
၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) --
------------------------------------
၆။ အဖအမည် ---------အလုပ်အကိုင်/ ရာထူး/ ဌာန --------
နေရပ်လိပ်စာ ---------------- ဖုန်းနံပါတ် ---------
-----အမိအမည်--------အလုပ်အကိုင်/ ရာထူး/ ဌာန -----
နေရပ်လိပ်စာ-------------ဖုန်းနံပါတ် -----------
၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် ----- ခုနှစ် ----
စာစစ်ဌာန ------------------------------
၈။ ဝင်ခွင့် လျှောက်ထားသူ၏ ဆက်သွယ်ရန် လိပ်စာ ------------
------------------------------------
------------------------------------
ဖုန်းနံပါတ်----------------- Email ----------
၉။ **ဝန်ခံချက်**

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါကြောင်း တာဝန်ယူဝန်ခံချက် လက်မှတ်ရေးထိုးပါသည်။

| **မိဘအုပ်ထိန်းသူ** | | **ဝင်ခွင့်လျှောက်ထားသူ** | |
|---|---|---|---|
| လက်မှတ် | ---------- | လက်မှတ် | ---------- |
| အမည် | ---------- | အမည် | ---------- |
| ရက်စွဲ | ---------- | ရက်စွဲ | ---------- |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ပုဗ္ဗသီရိမြို့၊ ကွေ့ကြီးသုသာန်အဝင်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း (၄၆၀၀'x၁၈'x၈")လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက်၊ တင်ဒါပုံစံပိတ်မည့်ရက်နှင့် တင်ဒါပေးသွင်းရမည့်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါပုံစံ ရောင်းချမည့်ရက် | - | ၂၇-၈-၂၀၂၅ ရက်နေ့မှ ၉-၉-၂၀၂၅ ရက်နေ့အထိ၊ |
| (ခ) တင်ဒါပုံစံပိတ်မည့်ရက် | - | ၉-၉-၂၀၂၅ ရက်နေ့၊ (၁၆:၀၀)နာရီ၊ |
| (ဂ) တင်ဒါပေးသွင်း ရမည့်နေရာ | - | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ။ |

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၄၅၂၅ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားတံတားကြီးကျေးရွာအုပ်စု၊ ကွင်းအမည်(ကံညီနောင်ကွင်း)၊ အကွက်အမှတ်(၄၉၁)၊ ဦးပိုင်အမှတ်(၂၀/ဗ/၂)၊ ဧရိယာ(၃.၅)ဧကရှိ လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် လှည်းကူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် (၁)**ဒေါ်ရီရီဌွေး** [၉/မနမ(နိုင်)၀၇၄၄၀၀] နှင့် (၂)**ဒေါ်ထားထားသန့်**[၅/အတန(နိုင်)၀၁၂၉၀၂]တို့ အမည်ပေါက် တည်ရှိပြီး ၎င်းတို့မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဆန်းထွန်း**[၁၂/ လမန(နိုင်) ၁၄၂၈၀၆]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ မလိခလမ်း၊ အမှတ်-၄၃/ခ^၂ ဘီ၊ ဒုတိယထပ်၊ အခန်းအမှတ်(2-A)၊ အကျယ်အဝန်း ၁၅၃၀ စတုရန်းပေ၊ ဓာတ်လှေကားပါရှိပြီး ယင်းတိုက်ခန်းတွင် စွဲကပ်တပ်ဆင်အသုံးပြုသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် မြေရှင် ဒေါ်ဝေဝေကြည်[၁၂/မရက(နိုင်)၀၆၅၇၁၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းအောင်ဝင်း[၁၂/ဗဟန(နိုင်)၀၈၄၄၉၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွင်မာဦး LL.B** — **ဒေါ်ယွန်းလဲ့လဲ့ထွန်း LL.B**
**(စဉ်-၄၅၀၄၄/၂၀၁၄)** — **(စဉ်-၄၇၆၇၀/၂၀၁၆)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၉၀၄(က+ခ)၊ ၄-လွှာ၊ ရတနာပုံ(၅)လမ်း၊ (၉)ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၂၁၁၁၉၉၀**

**(၂၁-၈-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)တွင် ဖော်ပြထားသော အောက်ပါကြော်ငြာစာတွင် အမည်မှားယွင်းဖော်ပြမိပါသဖြင့် ပြင်ဆင်ဖတ်ရှုပေးပါရန်**

**"ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် ၁၄၃၁ နှင့် မြေကွက်- ၁၄၃၇-A မြေနှင့် စပ်လျဉ်း၍ ပါမစ်(နေထိုင်ခွင့်)ရသူ ဦးရန်မြင့်ရှိန် [၁၃/လရန(နိုင်) ၁၀၅၃၃၅] အား အသိပေးအကြောင်းကြားခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၁၄၃၁)နှင့် မြေကွက်အမှတ် (၁၄၃၇A)မြေနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟွမ်တီလီ (ဘ)ဦးလောက်တာ [၁၃/လရန(နိုင်)၁၀၀၆၅၁]က ကုန်ကျစရိတ်အဝဝအတွက် ငွေပေးချေ၍ လူကြီးမင်း ဦးရန်မြင့်ရှိန်၏ အမည်ခံအမည်ငှားဖြင့် ပါမစ်(နေထိုင်ခွင့်) ရရှိခဲ့ပါသည်။ စာရွက်စာတမ်းများ အမည်ပေါက်ရရှိသည့်အချိန်တွင် ကျွန်ုပ်၏မိတ်ဆွေ အမည်ဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် အမည်ပြောင်းလဲပေးမည်ဖြစ်ကြောင်း လူကြီးမင်းက မူလကတည်းက ကတိကဝတ် ပြုထားခဲ့သည်မှာ လူကြီးမင်းအသိပင်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဦးဟွမ်တီလီက မိမိအမည်ပေါက် ပြန်လည်ပြုလုပ်လိုပါသောကြောင့် လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့အကြား အရပ်ကတိအရောင်းအဝယ်စာချုပ်အား လက်မှတ်ရေးထိုးပေးရန်နှင့် အမည်ပြောင်းလဲသည်ကို သဘောတူကြောင်း လက်မှတ်ရေးထိုးပေးရန်အတွက် တောင်းဆိုသောအခါ လူကြီးမင်းက ငြင်းဆိုခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ တောင်းဆိုချက်များကို ဤသတင်းစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ လူကြီးမင်း၏ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ လာရောက်ဆက်သွယ်၍ လူကြီးမင်း၏ ကတိကဝတ်အတိုင်း ဆောင်ရွက်ပေးရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ပြောကြားခြင်း မရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးဟွမ်တီလီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်မြင့်ချို (စဉ်-၁၅၈၉၁)** — **ဒေါ်ဝေဝေခိုင် (စဉ်-၁၁၃၂၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၉၀၇)၊ ပိတောက်လမ်း၊ ၄၅-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၆၅၇၈၆၀၆၊ ၀၉-၅၀၃၈၆၁၈**

## အမည်ပြောင်း

ကော့သောင်းမြို့ အ.ထ.က (ခွဲ)အ.လ.က(၂)ရွှေမင်းဝံ ကျောင်း Grade 3 တွင် ပညာသင်ကြားနေသော မခင်ရတနာဦးအား ယနေ့မှစ၍ မခင်ရတနာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်ရတနာ**

## ပတ်စ်ပို့ပျောက်ဆုံး

(ဘ) ဦးကုလား၏ သမီး မခင်မာဝေ [၇/ပခန(နိုင်)၂၉၉၆၆၂]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-444058419**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက-ညောင်လွန့် Grade-10 (B)တွင် ပညာသင်ကြားနေသော မရွှေရီဝင်း ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း [၉/တကန(နိုင်) ၀၆၇၂၀၉]ဖြစ်ပါကြောင်း။

**ဦးခင်မောင်သန်း**
**[၉/တကန(နိုင်)၀၆၇၂၀၉]**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၂၆-၈-၂၀၂၅)နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၂)ပါ ဒေါ်ခင်ခင်မေ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၈၀)၏ အများသိစေရန်ကြေညာခြင်းတွင် ဖော်ပြထားသော ကင်းဝန်(၄)လမ်း၊ အိမ်အမှတ်(၁၂၆၅)၊ အကျယ်အဝန်း (အလျား ၄၀'/၄၉'.၆" x အနံ ၆၀')အစား (အလျား ၄၀'/၃၉'.၆" x အနံ ၆၀')ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# သင့်သွေးဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၇၊ မြေကွက်အမှတ် - ၄၈၊ အလျား ၄၃ ပေ x အနံ ၆၀ ပေ နှစ်(၆၀)ဂရန်အမည်ပေါက်များဖြစ်သော (၁) ဒေါ်မိုးသီတာထွဋ် (ဘ)ဦးတင်ထွဋ်ဦး [၁၂/ရကန(နိုင်)၀၂၈၂၆၀]၊ (၂) ဦးတင်မင်းလွင် (ဘ) ဦးတင်မောင်လွင် [၁၂/ဗတထ(နိုင်) ၀၁၁၅၉၁]၊ (၃) ဦးအောင်မိုးလွင် (ဘ) ဦးတင်မောင်လွင် [၁၂/ဗတထ(နိုင်) ၀၁၁၅၅၁]၊ (၄) ဦးစည်သူလွင် (ဘ) ဦးတင်မောင်လွင် [၁၂/ဗတထ(နိုင်)၀၀၀၅၁၅]၊ (၅) ဦးဇာနည်လွင် (ဘ) ဦးတင်မောင်လွင် [၁၂/ဗတထ(နိုင်)၀၃၂၄၃၆] မှ မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် - ၂၅၀၅/၂၀၂၄ (၁၅-၃-၂၀၂၄) ဖြင့် ပြုလုပ်ချုပ်ဆို၍ ပိုင်ဆိုင်ခဲ့ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂)ထပ် သံကူကွန်ကရစ်အဆောက်အဦပါတို့အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးမဥ္စူ [၁၂/ဒဂန(နိုင်)၀၃၀၀၁၆]မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၉)ရက်အတွင်း ရောင်းချသည့်မြေနှင့် အဆောက်အဦတို့အပေါ် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ - ဒေါ်အေးမဥ္စူ**
**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးဇေယျာထွန်း (LL.B)** | **ဒေါ်ချစ်နှင်းပွင့် (LL.B)** | **ဒေါ်သဇင်အိ(LL.B)** |
| **(စဉ်-၁၂၅၃၂)** | **(စဉ်-၅၁၅၀၉)** | **(စဉ်-၅၃၁၇၉)** |

**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေများ**
**အမှတ်-၁၀/အေ၊ Sea Green Tower မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၃၈၀၄၈၊ ၀၉-၆၇၈၃၃၀၅၂၂၊ ၀၉-၄၄၈၀၄၃၆၉၇၊ ၀၉-၅၀၉၀၄၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀ကံဘဲ့၊ မြေကွက်အမှတ်-၅၃/ခ-၂၊ ဧရိယာ(၀.၁၂၃)ဧက မြေကွက်တည်နေရာအမှတ် (၁၄/ဘီ)၊ ဦးဘိုးသုန်ရိပ်သာလမ်း၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါက်တာခင်မေသီ[၁၂/ကမရ(နိုင်) ၀၁၂၆၈၆] အမည်ပေါက် မြေပိုင်မြေ၊ လ/န(၃၉)ရပြီး မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစန်းလွင်[၁၂/တမန(နိုင်)၅၀၅၀၅၅]မှ တရားလိုပြုလုပ်၍ ဦးရေချမ်း၊ ဦးအေးချမ်း၊ ဦးဝင်းကိုနိုင်(ကိုယ်တိုင်နှင့်ကွယ်လွန် ဒေါက်တာခင်မေသီ၏ တရားဝင်ကိုယ်စားလှယ်များ) ဦးကျော်ကျော်(ခ)ဦးကျော်ကျော်လှိုင်တို့အား တရားပြိုင်ထားရှိကာ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂၉/၂၀၂၄ဖြင့် ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၂၇-၂-၂၀၂၅ရက်နေ့တွင် အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၆၅/၂၀၂၅ (၂၂-၅-၂၀၂၅)ဖြင့် တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ခင်နှင်းရီ (ဘီလစ်)[၁၂/မရက(နိုင်) ၁၅၃၈၂၆]မှ တရားရုံးအနိုင်ဒီကရီအထောက်အထား၊ တရားရုံးနေ့စဉ်မှတ်တမ်း ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၅၇၃)၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၅၇၃)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား ဗိုလ်မှူးသောင်းဝင်း (YSO-၁၃၇၃၁၂) [၁၂/မရက(နိုင်)၁၁၆၇၇၉] အမည်ပေါက် အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)မြေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်အခြမ်း၊ (အလျား ၂၀ပေxအနံ ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ကြည်ကြည်မာ[၁၂/ရကန(နိုင်)၀၂၁၅၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်လှလှဦး [၁၂/ဒဂန(နိုင်)၀၀၉၃၆၆]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွင်မာဦး (LL.B)** — **ဒေါ်ဖြူဇင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁)** — **အထက်တန်းရှေ့နေ (စဉ်-၄၈၁၉၆)**
**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဦးကိုကိုနိုင် မှတ်ပုံတင်အမှတ်[၁၂/ထတပ(နိုင်)၀၀၅၄၆၀]၊ အဖအမည် ဦးမြအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၆၄၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၄၄၂/၂၀၂၃(၂၈-၁၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းမင်းထွန်း မှတ်ပုံတင်အမှတ်[၈/ဆဖန(နိုင်)၀၁၀၂၄၀]၊ အဖအမည် ဦးဝင်းငွေမှ ဒေါ်တင်တင်ဇော် မှတ်ပုံတင်အမှတ်[၈/မကန(နိုင်)၀၅၂၇၆၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ပုရစ်နု မှတ်ပုံတင်အမှတ်[၁၃/နမတ(နိုင်)၀၀၀၀၃၆၊ အဖအမည် ဦးမျိုးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၁၁၃၄၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၆၂၉/၂၀၂၃(၆-၃-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးပြည့်ဝဗိုလ် မှတ်ပုံတင်အမှတ်[၉/တကန(နိုင်) ၁၆၆၄၆၇]၊ အဖအမည် ဦးဝင်းဗိုလ်မှ ဦးထိန်လင်း မှတ်ပုံတင်အမှတ်[၉/သပက(နိုင်)၀၃၄၄၂၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

# နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝလမ်း၊ မြေကွက်အမှတ်(၄၀၉/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အပါအဝင်** အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စမ်းစမ်းနွယ် (၁၄/ပေတ(နိုင်)၀၃၃၂၂၀)မှတရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် (၂၁-၈-၂၀၂၅) ရက်စွဲပါစာချုပ်ဖြင့် ဒေါ်စမ်းစမ်းနွယ်၏ကိုယ်စား **ဦးဝင်းမင်းသန်း(၁၂/မရက(နိုင်)၁၄၃၅၂၄)**ထံသို့စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းကျေးရွာ၊ (၁၁)လမ်း၊ မြေကွက်အမှတ်(၃)၊ အကျယ်အဝန်း (၄၅ပေ × ၆၀ပေ)ရှိမြေကွက်နှင့်နေအိမ်အပါအဝင်** အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၃-၁၁-၂၀၁၉)ရက်စွဲပါ ကတိစာချုပ်(၂)စောင်နှင့်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးမိုးကျော်အောင်(၁၂/မရက(နိုင်)၀၄၂၃၆၆)**နှင့် **ဦးလင်းသူရိန်ကျော်(၁၂/မရက(နိုင်)၁၉၅၇၉၅)**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါနိုင်(၉/မထလ(နိုင်)၀၀၈၃၄၉)ကဝယ်ယူရန် (၂၃-၈-၂၀၂၅)ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကိစ္စများနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy ), တရားလွှတ်တော်ရှေ့နေ (စဉ်-ရ၈၃၃)**

အမှတ်-၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ - ၇၈၅၅၅၀၂၅၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်(၁၃၄)၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ် (၇၅၉)၊ ဒေါ်ခင်ဆွေ [၁၂/အစန(နိုင်)၀၂၇၈၀၇] စာ အမှတ်(၈၂၀) အမည်ပေါက် ပါမစ် မူရင်း၊ (၄၀x၆၀)ပေမှ ခွဲခြမ်းစိတ်ဖြာထားခြင်း မရှိသေးသော (၂၀x၆၀)ပေရှိ ပါမစ်မူရင်း မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ဝယ်၊ လက်ရှိ ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင် ရောင်းချသူ ဒေါ်တင်ဌေး[၇/ သဝတ(နိုင်)၀၀၁၈၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းထိုက်ဆွေ [၉/ညဥန(နိုင်)၁၉၈၀၆၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ် ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်၊ စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းထိုက်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၄)၊ နဝရတ်(၃)လမ်း၊ မြေကွက်အမှတ်(၇၆၁)၊ ဧရိယာ(၀.၀၅၅) ဧက၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အနေအထားဖြင့် (၂၀ပေx ၆၀ပေ)၊ မြေကွက် အမှတ်(၇၆၃)နှင့် ကပ်လျက်ရှိသည့်အခြမ်းနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်စန်းစန်းသီ [၁/ကမန (နိုင်) ၀၁၀၄၇၈]က အမည်ပေါက်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်း အဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-420058553 / 09-799466954**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁/သပြေကုန်း)၊ မြေကွက် အမှတ် (၅၅၇၊ ၅၅၈)၊ ဧရိယာ(၀.၁၈၉) ဧကရှိ ဒေါ်မိုးသီတာအောင်ချစ် (ဘ) ဦးအောင်ချစ် [၁၂/ဒဂန(နိုင်)၀၁၄၄၆၂] အမည်ပေါက် (၂)ကွက်တွဲ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အနက် မြေကွက်အမှတ်(၅၅၇)၊ ဧရိယာ (၀.၀၉၈)အား မြေငှားစာချုပ် စာအုပ်(၁)အုပ်ဖြင့် မြေငှားစာချုပ် ခွဲစိတ်ခွင့်ပြုပါရန် အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ City Loft၊ တိုက်အမှတ် (CL-10)၊ (၅ လွှာ)၊ အခန်းအမှတ် (၅၁၀)၊ အကျယ်အဝန်း (၄၈၄ စတုရန်းပေ)ရှိ (1 BR) အမျိုးအစား တိုက်ခန်း (၁) ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးသန့်ဇင်အောင် [၉/မရတ(နိုင်)၁၃၀၉၃၁]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လို ပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက် အထားမူရင်းများနှင့်တကွ ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၅၀၈)**
**အမှတ်- ၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

